www.burmeseclassic.com

# ကြယ်ကိုးစင်းနဲ့
# လင်းတဲ့
# ကောင်းကင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# [redacted] တို့
# စာ [redacted]

[illegible]
ဖုန်း - [illegible]
မှ
[illegible]

[redacted]

| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက် | - ၁၁၃၁/၂၀၀၃ (၈) |
| မျက်နှာဖုံးခွင့်ပြုချက် | - ၉၈၂/၂၀၀၃ (၈) |
| ထုတ်ဝေသူ | - ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ၊ ရွှေနံ့ကျေးရွာ၊ ပုလဲမြို့ (၃)၊ |
| အတွင်းပုံနှိပ် | - ဦးကျော်ဌေးမင်း အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၄၄၊ ဗိုလ်ချုပ်လမ်းနှင့် သိမ်ဖြူလမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | - ဦးဇော်မြင့်ဝင်း၊ ကာလာနံ့ပုံနှိပ်တိုက်၊ အမှတ် ၁၈၄ (ဘီ)၊ ၃၁ လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | - ကျော်ဇေ (Hepta) |
| အတွင်းပန်းချီ | - မောင်နီ၊ ပို့ပို့ |
| ပုံနှိပ်ခြင်း | - ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၀၃ |
| စောင်ရေ | - ၅၀၀ |
| တန်ဖိုး | - ၅၀၀ ကျပ်။ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ပြတိုက်ထဲကပြဇာတ် | မင်းလူ | ၅ |
| ၂။ | လူတစ်ယောက်ရေးတဲ့ဝတ္ထု | လွှန်းဆက်နိုးမြတ် | ၂၀ |
| ၃။ | အမုန်းကြားကအပြုံး | မြေမှုန်လွင် | ၂၇ |
| ၄။ | သူတစ်စိမ်း | မင်းခိုက်စိုးစန် | ၃၆ |
| ၅။ | ဝံပုလွေပုံပြင် | သွှန်းနေစိုး | ၅၀ |
| ၆။ | ဘဝဆိုတာတိုလွန်းလို့ | ရွှေထိုက် | ၆၅ |
| ၇။ | ကျွန်တော်နှင့် မစယ်ဖြူ | တာရာမင်းဝေ | ၇၂ |
| ၈။ | ကျွန်တော့်သမီး | ရွှေထိုက် | ၇၆ |
| ၉။ | ကံ့ကော်ရောင်လွမ်းချင်း | လွှန်းဆက်နှိုးမြတ် | ၉၁ |


www.burmeseclassic.com

www.burmeseclassic.com

# ငါတို့စကား

ကောင်းကင်မှာ အလင်းတွေကို ဖျိုးကြဲဖို့၊ ကြယ်တွေရဲ့ ထွန်ကြောင်းတွေနဲ့ ကမ္ဘာဦးထဲကနေ အခုထိ အလှပဆုံး ညတို့ ဖန်ဆင်းရအောင်။

'ငါတို့' လို့ ကင်ပွန်းတပ်ထားတဲ့ ကျွန်တော်တို့ရဲ့ စာပေအုပ်စုလေးကနေ စာအုပ်လေးတစ်အုပ် စီစဉ်ထုတ်ဝေလိုက်ပါတယ်။

ဒီ အိပ်မက်ကို ကိုယ်ထင်ပြပြီး ရင်ခုန်သံကို အသက်သွင်းလိုက်တာပါပဲ။

'ငါတို့' လို့ ဆိုကတည်းက အရာအားလုံး အကျုံးဝင်ပါတယ်။ သင်ရော၊ ကျွန်ုပ်ရော၊ သူ၊ ငါ ဟူသမျှ ငါတို့ထဲမှာ အဝင်အပါပေါ့။

'ငါတို့' ဟာ လူငယ်အားလုံးကို ကိုယ်စားပြုတယ်။

'ငါတို့' ဟာ ခေတ်သစ်ရဲ့ အရုဏ်ဦးဂီတ ဖြစ်တယ်။

'ငါတို့' ဟာ ဗိန်ခေါ်မှုဖြစ်တယ်။

'ငါတို့' ဟာ အနုပညာရဲ့ ရဲရင့်သော ကိုးကွယ်သူတွေ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

'ဒီတို့' ဟာ စွဲလမ်းစိတ်ရဲ့ တန်ခိုးအမတော ဖြစ်တယ်။

စာရေးဆရာ ခုနစ်ယောက်ရဲ့ အတောက်ပဆုံး အိပ်မက်ကိုးစုံကို စုစည်းပြသဖို့ 'ဒီတို့' က ကြိုးပမ်းထားပါတယ်။ နာမည်ကျော် စာရေးဆရာတွေ ပါလာသို လူငယ်စစ်စစ် စာရေးဆရာချာတိတ်လေးတွေလည်း ပါတယ်။ ဒါပေမယ့် အားလုံးတူညီတာ တစ်ခုက သူတို့ရဲ့လက်ရာတွေက 'သစ်'တယ်။


'ဒီတို့' ဟာ အသစ်ကို ခုံမင်စွဲလမ်းသူတွေပါပဲ။ နောက်ထပ် လတ်ဆတ်သော အနုပညာ ခြေလှမ်းပေါင်း များစွာကိုလည်း 'ဒီတို့' က ဆက်ပြီး စီစဉ်တင်ဆက်သွားပါဦးမယ်။

[ဒီလောက်ဖြစ်မြောက်ဖို့အတွက် ပိုင်းဝန်းခဲ့သူအားလုံးကိုလည်း ဒီနေရာကနေ 'ဒီတို့' က ကျေးဇူးစကား ဆိုပါသည်။]

ဒီတို့
စာပေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပြိုင်ဘက်ကင်းမြို့တော်

မင်းလူ

၂၀၀၂ ကမ္ဘာ့ဖလားပွဲတွင် ဘရာဇီးအသင်း၏ အခြေအနေမှာ မရေမရာ ဖြစ်နေသည်။ ခြေစစ်ပွဲတွေတုန်းကလည်း ရှုံးပွဲတွေ များခဲ့သည်။ ဘရာဇီးဘောလုံးသမိုင်းမှာ တစ်ခါမှ မကြုံဖူးအောင် အခြေအနေ ဆိုးခဲ့သည်။ ခြေစစ်ပွဲတောင် အောင်ပါ့မလားဟု စိုးရိမ်ခဲ့ကြရသည်။ အသေအလဲ ကြိုးစားပြီးမှ အောက်ဆုံးအဆင့်ကနေ ကပ်ပြီး ခြေစစ်ပွဲအောင်ခဲ့ရသည်။ တစ်ကမ္ဘာလုံးရှိ ဘောလုံးပရိသတ်တွေလည်း ရင်တမမ မောခဲ့ကြရသည်။

ဘရာဇီးအသင်းသည် ခြေစစ်ပွဲအောင်ခဲ့သော်လည်း စိတ်မအေးရသေး။ ကမ္ဘာ့ဘောလုံးအဆင့်အတန်း သတ်မှတ်ရာတွင် နံပါတ်တစ်နေရာမှာသာ အမြဲရှိခဲ့သော ဘရာဇီးအသင်းသည် ၂၀၀၁

'ငါတို့' မှ စီစဉ်ထုတ်ဝေတယ်

www.burmeseclassic.com

www.burmeseclassic.com 

မှာတော့ အဆင့်လျှောကျသွားရလေသည်။

ဒီတော့ ၂၀၀၂ ကမ္ဘာ့ဖလားပွဲမှာ အောင်မြင်မှုရဖို့ တော်တော် အခက်ကြုံနေကြရ၏။ ဗိုလ်စွဲနိုင်ခြေရှိသော အသင်းတွေ သတ်မှတ် ရာမှာလည်း အရင်က ရွှေထီးဆောင်းခဲ့သော မျက်နှာကိုထောက်၍ အားနာပါးနာ စာရင်းသွင်းပေးခဲ့ကြသည်။ သိပ်ဟာက်ဟာက်ပက်ပက် မရှိ။ တချို့က ဘရာဇီးခေတ်ကုန်ပြီလို့တောင်. အမနာပ ပြောချင် လာကြသည်။

ဘရာဇီးဘောလုံးအသင်းမှာ အထည်ကြီးပျက်လို ဖြစ်နေ၏။ ထိပ်တန်းဘောလုံး အကျော်အမော်တွေ အများကြီး ရှိသော်လည်း တစ်ယောက်နှင့် တစ်ယောက် အတွဲမမီဘဲ ဖြစ်နေရ၏။ ဒံပေါက်ရယ် ဖာလူဒါရယ်၊ စတုမခုရယ် ရောစားရသလို အီလည်လည်ကြီး ဖြစ်နေ ရ၏။ အသင်း အောင်မြင်မှု ပြန်ရဖို့ အမျိုးမျိုး စဉ်းစားရာမှ ထူးခြား သော အကြံအစည်တစ်ခုကို စိတ်ကူးမိကြ၏။ နှစ်ဆယ်ရာစု၏ အကောင်းဆုံး ဂန္ထဝင် ဘောလုံးသမားကြီး ပီလီကို ဘရာဇီးအသင်းမှာ ပြန်လည် ပါဝင် ကစားနိုင်းဖို့ပင် ဖြစ်လေ၏။

❋ ❋ ❋



www.burmeseclassic.com

အမေရိကန်နှင့် မဟာမိတ်များသည် အာဖဂန်စစ်ပွဲမှာ အနိုင်ရပြီး အောင်ပွဲခံခဲ့ကြသည်။ သို့ရာတွင် လွတ်လွတ်ကျွတ်ကျွတ် ဝမ်းမသာနိုင်၊ ထိပေါက်ပြီး လက်မှတ်အသိမ်းလွန်နေတဲ့ လူလို မချင့်မရဲ ဖြစ်နေရသည်။ အကြမ်းဖက်သမား ခေါင်းဆောင်တွေကို ဖမ်းလို့ မမိသေး။ ဘယ်ဆီရောက်နေမှန်းလည်း မသိ။ သူတို့ကို ဖမ်းမိတဲ့ တိုင်အောင် အကြမ်းဖက်ဝါဒကို အမြစ်ပြတ်အောင် ချေမှုန်းနိုင်ပြီဟု ကြွေးကြော်နိုင်မည် မဟုတ်သေး။

သူတို့သည် စစ်ပွဲကို ဆင်နွှဲရာမှာ ခေတ်အမီဆုံး၊ အဆန်းသစ်ဆုံး နောက်ဆုံးပေါ် လက်နက်တွေကို ထုတ်သုံးခဲ့ကြသည်။ ကြဲချခဲ့သည့် ဗုံးတန်ချိန်ပေါင်းကလည်း မနည်းမနောပဲ။ ရန်သူစစ်သားအားလုံးတို့၏ ကိုယ်အလေးချိန် စုစုပေါင်းထက်တောင် ပိုများနေမလား မသိ။ သို့ရာတွင် မှန်းချက်မကိုက်သေး။

သူတို့ သုံးစွဲခဲ့သည့် ဆက်သွယ်ရေးစနစ်တွေကလည်း အံ့မခန်းပဲ။ စစ်မြေပြင်မှာ ရောက်နေသော စစ်သားတစ်ယောက် က အမေရိကန်မှာ ကျန်ခဲ့တဲ့ ရည်းစားဆီ ဂြိုဟ်တုကတစ်ဆင့် ဖုန်းလှမ်းဆက်လို့ ရလောက်တဲ့အထိ အဆင့်မြင့်သည်။ သို့ရာတွင် သူတို့အလိုရှိသော ရန်သူခေါင်းဆောင်တွေကိုတော့ ခြေရာတောင်မိအောင် မရှာနိုင်။



www.burmeseclassic.com

 www.burmeseclassic.com 

သူတို့၏ လက်ရွေးစင် ကွန်မန်ဒိုတပ်သားများမှာ လူစွမ်းကောင်းများ ဖြစ်၏။ ခေတ်မီဆက်သွယ်ရေး ကိရိယာများ၊ အစွမ်းထက်ဆုံး လက်နက်များ ကိုင်ဆောင်ထားကြသည်။ အထူး လေ့ကျင့်ထားသူများလည်း ဖြစ်သည်။ သူတို့၏ တိုက်ခိုက်ရေး စွမ်းရည်ကလည်း သူတို့ဘက်က တစ်ယောက်ကျလျှင် ရန်သူဘက်က အယောက်နှစ်ရာ ကျအောင် ချေမှုန်းနိုင်သည်။ အဲ... တစ်ခုရှိတာက သင်္ချာသဘောအရ အချိုး ချကြည့်လျှင် ရန်သူဘက်က လူနှစ်ရာသေတဲ့အခါတိုင်း ကိုယ့်ဘက်ကလည်း တစ်ယောက် သေပေးရမည့် အနေအထား ဖြစ်သည်။ ထိုအခါ ရိန်းဂျားတပ်သားတို့သည် ရန်သူနှစ်ရာပြည့်အောင် မသတ်ကြတော့။ တစ်ရာကိုးဆယ့်ကိုးယောက်သတ်ပြီးတာနဲ့ ဆက်မတိုက်တော့ဘဲ ပြန်လှည့်လာကြတော့သည်။

ဒီလိုနဲ့ပဲ အကြမ်းဖက်သမားတွေကို အပြီးအပြတ် ချေ မှုန်းပစ်ဖို့ အခက်အခဲ တွေ့နေရသည်။ တကယ်တမ်း အရေးကြီးသည့် တိုက်ပွဲကလည်း တောထဲတောင်ထဲမှာ သူသေကိုယ်သေ ရင်ဆိုင်ရမည့်သဘော ဖြစ်၏။ မိုက်မိုက်ကန်းကန်း တိုက်ရဲတဲ့လူမျိုးမှ ဖြစ်မည်။ ထို့ကြောင့် အထူးတပ်ဖွဲ့ကတစ်ဖွဲ့ကို စုစည်းရသည်။ ထိုတပ်ဖွဲ့ထဲတွင် မွန်ဂိုလေးသည်တော်များ၊ ဂျပန်ဆာမူရိုင်းများ၊ ထရိုဂျင်စစ်သည်တော်များ ပါဝင်ပြီး စစ်သူကြီး ဟန်နီဘောက ကွပ်ကဲအုပ်ချုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အကြမ်းဖက်သမားတွေဆိုတာက တောကြိုအုံကြားမှာသာ ရှိနိုင်တာ မဟုတ်၊ မြို့ကြီးပြကြီးတွေမှာလည်း ခိုအောင်းနေတတ်သည်။ ဒါတင်မက၊ တခြားဒုစရိုက်သမားတွေလည်း ရှိသေးသည်။ သူခိုး၊ ဓားပြတွေ၊ လူသတ်သမားတွေ၊ မူးယစ်ဆေး ဝါးမှောင်ခိုတွေ၊ လူလိမ်လူကောက်တွေ။

ခုချိန်မှာ ခေတ်မီထောက်လှမ်းရေး ကိရိယာတွေ သုံးနေပြီဖြစ်သောကြောင့် သူတို့ကို လွယ်လွယ်ဖမ်းနိုင်မည်ထင်ကြသည်။ သို့ရာတွင် ဒီလိုမဟုတ်။ သူတို့ကလည်း ခေတ်မီကိရိယာတွေ သုံးပြီး ကိုယ်ရောင်ဖျောက်နိုင်နေကြပြန်သည်။ ပြီးတော့ လူဆိုးတွေဆိုတာက လည်း ဟိုအရင်ကလို အရုပ်ဆိုးဆိုး။ လူ မိုက်ဂိုက်မျိုး မဟုတ်တော့။ သာမန်သူလို ငါလိုမျိုးပင် ဖြစ်၏။ လူကောင်းတွေကြားထဲ ရောနှော နေလိုက်လျှင် အလွယ်တကူ ရှာမတွေ့နိုင်တော့။ ပြီးတော့ သူတို့တွေ က အရင်ကထက် ဉာဏ်ရည်ဉာဏ်သွေးလည်း ပိုမြင့်လာသည်။

ဒီကြားထဲမှာ လူတွေက အက်ဖ်ဘီအိုင်တို့၊ စီအိုင်အေတို့ကို သိပ်အထင်မကြီးကြတော့။ စက်တင်ဘာအကြမ်းဖက်မှုကို ကြိုတင် မတားဆီးနိုင်ရ ကောင်းလားဟု အပြစ်တင်ချင်သလို ရှိ၏။ ဒါကို အခွင့်ကောင်းယူပြီး ဒုစရိုက်သမားတွေက ခေါင်းထောင်ချင်လာ သည်။

'ငါတို့' မှ စီစဉ်ထုတ်ဝေတယ်

www.burmeseclassic.com

www.burmeseclassic.com


ခုခေတ်စုံထောက်တွေက ခေတ်မီပစ္စည်းကိရိယာတွေ အားကိုးလွန်းသည်။ ကိုယ်ပိုင်ဦးနှောက်ကို သိပ်အသုံးမချချင်ကြတော့။ လက်ရှိအခြေအနေမှာ လူဆိုးတွေနှင့် ယှဉ်ပြိုင်နိုင်ဖို့ဆိုတာ အထောက်အကူ ကိရိယာတွေနှင့် မလုံလောက်တော့။ သူတင်ကိုယ်တင် ဉာဏ်ကစားနိုင်မှ ဖြစ်တော့မည်။

ထို့ကြောင့် ဦးနှောက်စွမ်းအားကြီးသော ပုဂ္ဂိုလ်တစ်ယောက်ကို ရှာရတော့မည်။ ထိုတာဝန်မှာ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏ ခေါင်းပေါ် ပုံကျလာသည်။ သူသည် လန်ဒန်မြို့ ဘေကာလမ်း အိမ်အမှတ် '၂၂၁- ဘီ'သို့ သွားသည်။ အခန်း တစ်ခန်းရှေ့မှာ ရပ်သည်။ အခန်းတံခါးက ပိတ်ထား၏။ တခြား အိမ်ခန်းတွေလို လူခေါ် ခေါင်းလောင်းတို့၊ အင်တာကွန်းတို့ တပ်မထား။ ထို့ကြောင့် တံခါးကို လက်နှင့်ပင် ခေါက်လိုက်ရသည်။ ထိုအခါ အခန်းထဲမှ လှမ်းအော်ပြောလိုက်သော အသံကို ကြားရ၏။

"တိုနီဘလဲလားဟေ့၊ ဝင်ခဲ့လေကွယ်" တိုနီဘလဲသည် အလွန်အံ့ဩသွားရ၏။ အခန်းထဲရောက်သောအခါ ဆေးတံကြီးခဲလျက် ထိုင်နေသော ပုဂ္ဂိုလ်ကြီးကို သူက မေးလိုက်သည်။

"ကျွန်တော်အကြောင်းကြားထားတာလည်း မဟုတ်ဘဲနဲ့ တံခါးခေါက်တာ ကျွန်တော်မှန်း ဘယ်လိုသိတာလဲ"

---



www.burmeseclassic.com

www.burmeseclassic.com



"လွှယ်ပါတယ်၊ တံခါးကို ခေါက်တဲ့အခါ သူများလို ရိုးရိုး မခေါက်ဘဲ မြင်းခွာသံလို အပြွတ်လိုက် ခေါက်တတ်တာ မင်းရယ်၊ အမေရိကန်သမ္မတ ဘုရှ်ရယ် နှစ်ယောက်ပဲ ရှိတယ်။ အခု သမ္မတ ဘုရှ်က တရုတ်ပြည်သွားနေတယ်ဆိုတော့ တံခါးလာခေါက်တဲ့သူဟာ မင်းပဲ ဖြစ်ရမယ်ဆိုတာ တပ်အပ်သိတာပေါ့ကွယ်"

တိုနီဘာလဲမှာ ထိုပုဂ္ဂိုလ်ကြီးကို တလေးတစား လက်ဆွဲ နှုတ်ဆက်လိုက်ပြီးနောက်. . .

"တော်ပါပေရဲ့ ခင်ဗျာ၊ တော်ပါပေရဲ့၊ ဒါကြောင့်လည်း စုံထောက်ကြီး ရှားလော့ဟုမ်းရယ်လို့ ကျော်ကြားပေတာကိုး"

ဟု ပြောလိုက်လေ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကရိုဆော့ဖ် ကုမ္ပဏီသူဌေး ဘီလ်ဂိတ်သည် ကွန်ပျူတာ ဆော့ဖ်ဝဲတွေ တစ်ခုပြီးတစ်ခု တီထွင်ထုတ်လုပ်နေသည်။ အရင်ထုတ်လုပ်ခဲ့သော ဝင်းဒိုးစီးရီးတင် မကတော့ဘဲ စီလင်စီးရီး၊ ပေါ်တီကိုစီးရီး၊ တိုင်းလက်စီးရီးတွေပါ ထပ်ထွင်သည်။

ကွန်ပျူတာမှာ တီဗီတို့ ဗီစီဒီတို့ပါ တွဲပါသည်။ တီဗီဂိမ်းကစားနိုင်သည်။ ဒါတွေက အသေးအဖွဲ့၊ ဟိုအရင်ကတည်းက အဆင့်မြင့်စက်တွေမှာ ပါပြီးသား၊ ကွန်ပျူတာနှင့် တယ်လီဖုန်း တွဲပေးထားသည်။ မော်နီတာပေါ်မှာ တစ်ဖက်လူရဲ့ မျက်နှာကိုပါ မြင်ရသည်။ ဒါလည်း သိပ်အထူးအဆန်းတော့ မဟုတ်။ ကီးဘုတ်မပါဘဲ အသံနှင့် စေခိုင်းလို့ရသော ကွန်ပျူတာ၊ ကမ္ဘာပေါ်ရှိ ရုပ်ရှင်ရုံ အားလုံးနှင့် ဆက်သွယ်ထားပြီး ပြနေတဲ့ ဇာတ်ကားတွေထဲက ကြိုက်ရာကို အိမ်ကကြည့်နိုင်သော ကွန်ပျူတာ စသည်ဖြင့် ထပ်ထွင်သည်။

ဒါတွေက သိပ်ပြဿနာမဟုတ်သေး။ သူထွင်ကိုယ်ထွင် ဖြိုင်ကြတာ ဓမ္မတာပဲ။ ဒီနေရာမှာ ဘီလ်ဂိတ်က ကွန်ပျူတာနယ်ပယ်မှာသာမကဘဲ တခြားလုပ်ငန်းတွေကိုပါ နယ်ချဲ့လာသည်။ မိုက်ကရိုဆော့ဖ် ကာက်ဆက်၊ မိုက်ကရိုဆော့ဖ်ကင်မရာ၊ မိုက်ကရိုဆော့ဖ် ရေခဲသေတ္တာ၊ မိုက်ကရိုဆော့ဖ် လေအေးပေး စက် စသည်ဖြင့် . . .။

ထို့နောက် တစ်စင်းလုံးကို ကွန်ပျူတာနှင့် ထိန်းချုပ်မောင်း



www.burmeseclassic.com

www.burmeseclassic.com



နှင်သော မိုက်ကရိုဆေ့ဖ်ဖိမ်ခံမော်တော်ကားကို ထုတ်လုပ်လိုက်ပြန်သောအခါ ကမ္ဘာကျော်ကားကုမ္ပဏီကြီးတွေ မျက်လုံးပြူးကုန်သည်။

ဒါတွင်မကသေး၊ အရသာမျိုးစုံကို ခံစားစေနိုင်သော ဆေ့ဖ်ဝဲတစ်ခုကို ထပ်မံတီထွင်လိုက်ပြန်၏။ ကွန်ပျူတာနှင့် ဆက်ထားသော မောက်စ်အသေးစားလေးကို ပါးစပ်ထဲ ငုံထားလိုက်ရုံပင် ဖြစ်၏။

ဆေးလိပ်သောက်ချင်သလား ခလုတ်နှိပ်ရုံဖြင့် ပါးစပ်ထဲက မောက်စ်ကလေးက လျှာပေါ်ကို ဆေးလိပ်၏ခံစားမှုကို ရအောင် လွှဲဆော်ပေးလိမ့်မည်။ ထို့အတူ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ သစ်သီးစသော အရသာမျိုးစုံကို ခံစားစေရမည်။

ရှေ့ဆက်ပြီး သုတေသန လုပ်နေတာကတော့ ကွန်ပျူတာနှင့် လူသားတို့လက်ထပ်နိုင်သည့် နည်းပညာပင် ဖြစ်၏။ ထိုကိစ္စ ကို လူပျိုကြီး၊ အပျိုကြီးတွေက အလွန်စိတ်ဝင်စားဖွယ် စောင့်မျှော်နေကြသည်။

ဒီအတိုင်းဆိုလျှင် သိပ်မလွယ်၊ နည်းပညာလောကတစ်ခုလုံး သူ့လက်သူ့ခြေ ဖြစ်တော့မည်။ နေရာတကာမှာ သူချည်း လွှမ်းမိုးလာတော့မည်။ ထို့ကြောင့် ပြိုင်ဘက်အုပ်စုတွေ ပေါင်းစည်းပြီး ဘီလ်ဂိတ်နှင့် မိုက်ကရိုဆေ့ဖ်ကို အန်တုဘက်ပြိုင်ဖို့ စဉ်းစားရတော့သည်။ ဘီလ်ဂိတ်ကလည်း နှယ်နှယ်ရရမဟုတ်။ တော်ရုံတန်ရုံလူက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မယှဉ်နိုင်။ နောက်ဆုံးတော့ လူတစ်ယောက်ကို ရှာတွေ့ကြသည်။ ထိုပုဂ္ဂိုလ်ကြီးကို ပြိုင်ဘက်ကုမ္ပဏီအုပ်စု၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်လိုက်ကြသည်။

ထိုသူကား ဗိုက်သာဂိုးရပ်စ်ပင် ဖြစ်လေ၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com


ယူရီဂလင်းသည် အာကာယာဉ်မှူး တစ်ဦးဖြစ်၏။ သူ သည် မကြာခင် ရက်ပိုင်းအတွင်းမှာပင် လပေါ်သို့ အာကာသယာဉ်ဖြင့် ခရီးတစ်ခေါက် ထွက်စရာ ရှိနေသည်။ သူ့တာဝန်ကတော့ လပေါ်မှာ နေရောင်ခြည်စွမ်းအင်သုံး အလို အလျောက် ဓာတ်ခွဲခန်းငယ်တစ်ခုကို သွားရောက်တည်ဆောက်ပေးရမည် ဖြစ်၏။

ထိုခရီးစဉ်အတွက် လေ့ကျင့်မှုတွေ အပြည့်အဝ ပြုလုပ်ခဲ့ပြီး ဆောင်ရွက်ရမည် ကိစ္စတွေအတွက်လည်း အသေးစိတ် ပြင်ဆင်ခဲ့ပြီးပြီ။ ကျန်းမာရေး စစ်ဆေးခဲ့ရာမှလည်း ကြံ့ခိုင်သန်စွမ်းမှု အပြည့်အဝ ရှိကြောင်း သိရပြီးပြီ။ အာကာသယာဉ်ကို သယ်ဆောင်သွားမည့် ဒုံးပျံနှင့် လဆင်းယာဉ်တို့သည်လည်း အပြစ်အနာအဆာမရှိ အားလုံးပုံမှန် အလုပ်လုပ်နိုင်ကြောင်း စစ်ဆေးပြီးပြီ။ သူနှင့်အတူတကွ လိုက်ပါကြမည့် တခြားအာကာသယာဉ်မှူးတို့သည်လည်း အစစ အရာရာ အဆင့်သင့်ဖြစ်နေကြပြီ။ ဒီခရီးစဉ်သည် ရာနှုန်းပြည့် အောင်မြင်လိမ့်မည်ဟု သက်ဆိုင်ရာ ပညာရှင်များက ယုံကြည်နေကြသည်။

သို့ရာတွင် ဒီခရီးစဉ်အပေါ် သံသယမကင်း ဖြစ်နေသူက ယူရီဂလင်း၏ ဇနီးပင်ဖြစ်၏။ ခုတလော အိပ်မက်တွေ သိပ်မကောင်းလှ။ မနေ့ညက အိပ်မက်ထဲမှာ လပေါ်တတ်ဖမ်းပုံကို မြင်မက်ခဲ့သည်။ အတိတ်နိမိတ်တွေကလည်း ပြပြနေသည်။ အိမ်မှာ ပစ္စည်းအကျိုးအပဲ့ အစွ


www.burmeseclassic.com

www.burmeseclassic.com


အရှုများသည်။ မော်တော်ကား ပျက်သည်။ ဒီရက်ပိုင်းမှာ စိတ်လက်မကြည်လင်ဘဲ လေးလံထိုင်းမှိုင်းနေသည်။ ဒီတစ်ခေါက် သူ့ယောက်ျား ခရီးထွက်ရမည့် ကိစ္စနှင့်ပတ်သက်ပြီး စိုးရိမ်မကင်း ဖြစ်နေမိ၏။

ထို့ကြောင့် နက္ခတ္တဗေဒဆရာကြီး နေဝ်စထရာဒေးမတ်စ်ထံ သွားပြီး သူ့ယောက်ျား၏ ဇာတာကိုစစ်ဆေးခိုင်းသည်။ ဆရာကြီးက သူ၏လက်စွဲ ဝေဒကျမ်းများနှင့် တိုက်ဆိုင် ညှိနှိုင်းပြီးနောက်

"အိမ်း. . . ဇာတာရှင်ရဲ့ မွေးနာမ်ဂြိုဟ်က ဗျာရအိမ်ထဲ ကျနေတဲ့အပြင် ရာဟုကလည်း မြင်နေသေးတယ်ဆိုတော့ အညံ့ပိုင်းထဲ ရောက်နေတယ်ကွယ့်၊ ပြီးတော့ ခရီးထွက်ရမည့် ရက်ကလည်း ပြဿဒါးရက်ကြီး ဖြစ်နေတယ်။ ဒါကြောင့် ဒီခရီးမှာ ဥပဒ်အန္တရာယ် ဖြစ်မယ့်ကိန်း မြင်နေရတယ်"

အမျိုးသမီးမှာ အတော်စိုးရိမ်သွားဟန်ဖြင့်

"ဒုက္ခပါပဲ ဆရာကြီးရယ် ယတြာလေးဘာလေးချေလို့ မရဘူးလား"

"အင်း. . . လုပ်ပေးမယ်လေ၊ တစ်ခုတော့ ရှိတယ်။ ယတြာချေရမယ့် ပစ္စည်းက အတော်ရှားပါးတယ်။ လွယ်လွယ်ကူကူ ရှာလို့ရမှာတော့ မဟုတ်ဘူး။ အဲဒီလို ခဲခဲယဉ်းယဉ်း ရှာရတဲ့ ပစ္စည်းဖြစ်လို့လည်း အစွမ်းထက်မှာကိုး"


www.burmeseclassic.com

www.burmeseclassic.com



"ဘာပစ္စည်းလဲဆိုတာသာ ပြောပါ၊ ဘယ်လောက်ခက်ခက်ရအောင် ရှာပေးပါ့မယ်"

"တခြားတော့ မဟုတ်ဘူးကွယ့်၊ အာဖဂန်နစ္စတန်စစ်ပွဲသတင်းအကြောင်း လုံးဝမပါတဲ့ ဂျာနယ်တစ်စောင်ကို ရအောင်ရှာရမှာကွယ့်"

အမျိုးသမီး၏ မျက်နှာပေါ်မှာ ဒီတ်ခာတ်ကျသွားပုံကို အထင်းသား မြင်လိုက်ရသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



မော်ဒန်စာပေသမားများကို ဆုံးမရန်ဆိုသော ရည်ရွယ်ချက်ဖြင့် ဂန္ထဝင်စာပေဝါဒီများသည် အင်္ဂလန်နိုင်ငံရှိ 'စထရက် ဖို့ဒ်အွန်-အဗွန်' သို့ စုဝေးရောက်ရှိနေကြသည်။ ဒီနေရာကို ရွေးရတာက အကြောင်းရှိ၏။ 'စထရက်ဖို့ဒ်'သည် ကမ္ဘာကျော် ဂန္ထဝင်စာရေးဆရာကြီး ရှိတ်စပီးယား၏ ဇာတိမြို့ ဖြစ်နေလို့ပါ ပဲ။

ရှိတ်စပီးယားဆိုလျှင်တော့ မော်ဒန်ကောင်တွေကို ကောင်းကောင်းပညာပေးနိုင်လိမ့်မည်ဟု ယူဆရသည်။ ထို့ကြောင့် သူ့ကို လာရှာကြခြင်း ဖြစ်၏။ သို့ရာတွင် ရှိတ်စပီးယားသည် ဂန္ထဝင်နှင့် မော်ဒန်နားလည်မှု စာချုန်လွှာ လက်မှတ်ရေးထိုးပွဲ တက်ရောက်ရန် ပြင်သစ်ပြည် ပါရီမြို့သို့ ထွက်ခွာသွားပြီ ဖြစ်သောကြောင့် တွေ့ခွင့် မရကြတော့ပါ။

မင်းလူ

(အိုင်ဗီယာ မဂ္ဂဇင်း ၂၀၀၂ ဇွန်မှ)




www.burmeseclassic.com

www.burmeseclassic.com



ဒီသီကြီးနှင့်ပင်

ဦ — ၁၀း၁




www.burmeseclassic.com

www.burmeseclassic.com



မော်ဒန်

ဖြင့် ဂန္ထ

ရုပ်ပျက်ဆင်းရဲနေသော
လွန်းဆက်နိုးမြတ်

(၁)

တစ်နေ့တာ၏ နေဝင်ချိန်တွင် ဆိုနေကျ သီချင်းလေးကို ဆိုရင်း
ပြန်နေကျ လမ်းသွယ်လေးမှာ အရင်လိုပဲ အရွှံများစွာကို အပြုံးမပျက်
ရင်ခွင်ပိုက်ပြီး အိမ်အဟောင်းလေးဆီ ပြန်လာသူမှာ ကျွန်တော်
ဖြစ်သည်။

(၂)

မသေချာခြင်းများဖြင့် သေချာနေသော ဘဝတွင် ကျွန်တော်သည်
ဘာတစ်ခုမှ မပိုင်ဆိုင်သော ဘဝကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။
ကျွန်တော့်ထံတွင် အမည်ပေးမထားသော သီချင်း တစ်ပုဒ်ရှိနေ
လိုအပ်ခြင်းများစွာဖြင့် ပြည့်စုံနေသော ထိုသီချင်းအား အမည်ပေး
မပြည့်စုံသေးဟု ကျွန်တော် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၄)

ညီအစ်ကို မသိတသိအချိန်တွင် ညီအစ်ကိုမှန်း သိသိကြီးနှင့်ပင် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် လမ်းခွဲလိုက်ကြသည်။ မိသားစု ဆိုသော စကားသုံးလုံးနှင့် ကမ္ဘာခြားခဲ့သည်မှာ အဖေဆုံးကတည်းကပဲ ဖြစ်၏။ အမေနှင့် ညီမလေးကိုတော့ တစ်ရံတစ်ခါ ဆို့နစ်စွာ လွမ်းဆွတ်မိသည်။

(၅)

တစ်နေ့ထက် တစ်နေ့ လူသားများ ပိုမို ယဉ်ကျေးလာ ကာ တစ်နေ့ ထက် တစ်နေ့ လူသားများ ပိုမို ရိုင်းစိုင်းလာကြ၏။ ဆယ့်နှစ်ကြိုးတပ် ဗဟုခေတ်ကြီးထဲတွင် ကျွန်တော်လည်း ပိုလိမ္မာလာပြီး ပို၍ မိုက်တွင်း နက်နက်လာသည်။

(၆)

မကြည်လင်သော အမြင်များ၊ သံသယများ၊ ထောင်ချောက်များ၊ ရေတံခွန်နှင့် ပန်းပွင့်များ၊ သစ်တော်သီးများ၊ အေးစက်ပူနွေးခြင်း၊ ရဲဝံ့ကိုးစားခြင်း၊ ကြည်နူးပျော်ရွှင်ခြင်း၊ တစ်ဖန် လိုက်နာလွယ်ကြသော ပုံသေနည်း အသီးသီး. . . ထိုပန်းချီကားအား သင်တို့ ရေးဆွဲခဲ့ကြ သည်။

မျှော်လင့်ချက်၊ ချစ်ခြင်းမေတ္တာ၊ လိင်ရမ္မက်၊ အနုပညာ၊ အထီးကျန်



www.burmeseclassic.com

www.burmeseclassic.com


ဆန်ခြင်း၊ ဂျင်းဘောင်းဘီ သုံးထည်၊ ဂီတာလက်ကွက် တချို့၊ ဖြောင့်လက်သီးတစ်လုံး ဤသည်မှာ ကျွန်တော် ရေးဆွဲသော ပန်းချီကားဖြစ်၏။

(၉)

အေးမြမြသက်မှာ ကျွန်တော်နှင့် လွဲချော်ခဲ့သော ချစ်သူဖြစ်ပြီး ဤဝတ္ထုထဲတွင် သူမအကြောင်း စာတစ်တန် ပေတစ်ဖွဲ့ မပြောလိုပါ။ မယာဓားပုန်းတစ်လက်၏ သွယ်ဝိုက်ရက်စက်ခြင်းကိုလည်း မပြောလိုပါ။ ကောင်မလေးတစ်ယောက် မှားယွင်း ယူဆောင်သွားသော ကျွန်တော်၏ ကဗျာဒိုင်ယာရီစာအုပ်ကလေး အကြောင်းကိုလည်း မပြောလိုပါ။ ဘာဆိုဘာမျှ မပြောလိုပါ။ မပြောလိုသောကြောင့် ကျွန်တော်၏ ရန်ဖက်မြောက်အရပ်မှ တိမ်တိုက်များ အကြောင်းလည်း မပြောတော့ပါ။

(၁၀)

တိုက်မြင့်မြင့်တွေကြားထဲမှ လမင်းကို မော့ကြည့်ရတာ လည်ဆစ်မိုးတွေ နာကျင်လွှမ်းလှသည်။

နောက်ဆုံး. . .

ဒီလို မော့ကြည့်ခွင့်ရတာကိုပဲ ကျေးဇူးတင်မိသေးတော့၏။


www.burmeseclassic.com

www.burmeseclassic.com


(၁၁)

ဗန်ဂိုး၏ အနုပညာ ဆာလောင်မှုကို သိသည်။ တောင်တန်းတို့၏ စိမ်းသော ရနံ့ကို သိသည်။ မမြင်ရသော မိဘမေတ္တာသည် ထုထည် ကြီးမားကြောင်း သိသည်။ ခံစား၍ သိခြင်းမျိုး ဖြစ်သည်။ ကိုယ့်ကိုယ် ကို မည်သို့မျှ မခံစားရသောကြောင့် ကျွန်တော့်အကြောင်း ကျွန်တော် မသိ၊ တစ်စုံတစ်ရာ မှားယွင်းနေပြီလား။

(၁၃)

ဖြူစင်ငြိမ်းချမ်းသော ကလေးငယ်တို့၏ ကိုယ်ပေါ်တွင် မည်သို့သော ကျိန်စာအရိပ်မည်းမျှ မကျရောက်စေရ၊ ကျွန်တော့်လက်ချောင်း များဖြင့် ကောင်းကင်ပြာကြီးတစ်ခု ယက်လုပ်ပေးမည်။ ကျေးဇူးပြု၍ ဒေါင်ကျကျ၊ ပြားကျကျ တွေးခေါ်ပေးကြပါ။

(၁၄)

အချစ်နှင့် စစ်တွင် အမြဲ အကုန်လုံး တရားသည်ဆိုသော စကားပုံကို ဆန့်ကျင်ပါသည်။ ထို့ကြောင့် မအေးမြမြသက်အား ရည်းစားစကား မပြောဖြစ်ခဲ့ပါ။ ပြောကြကြေးဆိုလျှင် အလင်းတစ်ဝက်၊ အမှောင် တစ်ဝက် ရွက်လွှင့်နေသော ဘဝတစ်ခုအကြောင်း ပြောပြချင်သည်။ အရှာရာ၌ အစမကောင်းခဲ့သောကြောင့် အနှောင်းသေချာမည် မထင်ပါ။


www.burmeseclassic.com

www.burmeseclassic.com


(၁၅)

ကျွန်တော်က ကမ္ဘာလောကအား 'ကကြီး' မှ 'အ' အဆုံးထိ ချစ်ခင်သူ ဖြစ်သည်။ သူလိုကိုယ်လို ချောင်ကလေး တစ်ချောင်တွင် နေထိုင်သည်။ ကျွန်တော့်မှားယွင်းမှုများကိုသာ 'အော' မှ 'ဇက်' အထိ နားလည်ပေးကြစေလိုပါသည်။

(၁၆)

သက္ကရာဇ်တွေပေါ် လမ်းလျှောက်ရင်း ကဗျာရေးမည်။ လွဲချော်ခဲ့ရသော ရင်ခုန်သံစစ်စစ်များ ကျွန်တော်ထံ ပြန်လာပါဦးမည်လား။ အလွမ်းဆိုတာ ရင်ဘတ်ထဲ ဓားတစ်ချောင်း မြှုပ်ထားရခြင်းပင် ဖြစ်သည်။ တစ်ရံရောအခါက ကြေကွဲခြင်းများ အိပ်မက် ဖြစ်သွားကြ၏။ အနုပညာအား အသေရရ အရှင်ရရ နမ်းရှိုက်ပါရစေတော့. . .။

(၁၇)

စာပိုဒ် (၂)၊ (၅)၊ (၇)၊ (၁၂)။ ဤစာပိုဒ်များတွင် မည် သည့်စကားလုံးမှ ရေးသွင်းမထားပါ။ ဖြစ်နိုင်လျှင် ကျန်စာပုဒ်များကိုလည်း စကားလုံးများဖြင့် မဖွဲ့စည်းချင်ပါ။ သို့ရာတွင် စကားလုံးများ၊ စကားသံများဖြင့် ဆူညံနေသော အရပ်ကို လောကဟု ခေါ်ဆိုကြလေ၏။

(၁၈)

အပြာရောင် ကောင်းကင်ထဲသို့ ကျွန်တော်၏ မရှိသေးသေးတောင်း


www.burmeseclassic.com


www.burmeseclassic.com


များနှင့် ပျံ့သန်းရန် ကြိုးစားမှုမှာ 'ဝ' မရှိဘဲ 'ဝိ' လုပ်ခြင်းသာ ဖြစ်ပေမည်။ ထို့အတူပင် မဒေါ်းမြမြသက်အား လွှမ်းဆွတ်ခြင်းသည် ကျွန်တော်၏ စိတ္တဇသာ ဖြစ်၍ လတ်တလော သင် ဖတ်ရှုနေသော စာသားများသည် လူတစ်ယောက် ရေးသားထားသော ဝတ္ထုတစ်ပုဒ် ဖြစ်ကောင်း ဖြစ်နေနိုင်ပါသည်။

❋ ❋ ❋


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အမုန်းကြားကအပြုံး

ငြိမ်းမှန်လွင်

နှလုံးခုန်၊ သွေးတွေလှည့်ပတ်စီးဆင်း၊ အသက်ရှူနေသရွေ့ကို သက်ရှိသည်ဟု ခေါ်ဝေါ်ကြသည်။ နှလုံးမခုန်၊ သွေးတွေလည်း မလှည့်ပတ်၊ အသက်ရှူတွေ ရပ်သွားရင်တော့ သေတယ်လို့ သမုတ်ကြတယ်။

အဲဒီသေခြင်းနဲ့ ရှင်မှုတို့ကြားမှာတင် လူဘဝဆိုတဲ့ အရှုပ်ထုပ်ကြီး ဖြစ်ပေါ်လာသည်။ အသက်တစ်ရာ မနေရပေမဲ့ အမှု တစ်ရာကြုံရတာကတော့ ဓမ္မတာပါပဲ။ (တိရစ္ဆာန်များတွင်တော့ ဘာဥပဒေ၊ ဘာစည်းကမ်းချက်မှ မရှိသဖြင့် အသက်တစ်ရာ တိုင်အောင် အမှု တစ်ရာ ရှိမည်ဟု မထင်ပေ)

သာမန်လူပြိန်းတချို့က မျက်စိမမြင်၊ ခြေကျိုး၊ လက်ကျိုးတွေကို



www.burmeseclassic.com

www.burmeseclassic.com


ဒုက္ခိတလို့ခေါ်နေကြပါသည်။ ဒါဟာ ဒုက္ခိတ မဟုတ်ပါဘူး။ ချို့ယွင်းသူများသာဖြစ်ပါတယ်။ သူများ ပြောတိုင်း လိုက်ပြော၊ သူများကောင်းတိုင်း လိုက်ကောင်း၊ သူများ ဟုတ်တိုင်း၊ လိုက်ဟုတ်နေကြတဲ့ လူတွေကမှ ကိုယ့်ကိုယ့်ကို ဒုက္ခိတဖြစ်လို့ ဖြစ်နေမှန်း မသိကြသေးပါဘူး။

ဟိုတစ်နေ့က ကျွန်တော် (ခြေတစ်ဖက်ပြတ်) မွေးထားတဲ့ ကြက်ခြံကို ဒဿနိကကျောင်းက သူငယ်ချင်း တစ်ယောက်က ရောက်လာပြီး. . .

"ဩော် ကြက်တွေများ ငါတို့ အစားခံရဖို့အတွက် သူတို့တွေ အစာစားပြီး ကိုယ့်ကိုယ်ကို ကြီးထွားဖွံ့ဖြိုးအောင် လုပ်နေကြရတယ်။ တကယ့်ကို သနားစရာပါပဲတဲ့။

ကျွန်တော် တစ်ခွန်းသာ ပြန်ပြောလိုက်သည်။

"မင်းတို့ရော ဘာထူးလို့လဲ၊ စားသောက်ဆိုင်မှာ စျေးကြီးကြီး ပေးဝယ်ပြီး အစားကောင်းကောင်းတွေ စားလိုက်။ ကိုယ်ခန္ဓာဖွံ့ဖြိုးအောင် ဆေးတွေစျေးကြီးကြီး ပေးပြီး သောက်လိုက်နဲ့ နောက်ဆုံး မင်းသေသွားရင်တောင် လောက်တွေ တီကောင်တွေတောင်မှ မစားတဲ့ ဆံပင်ကို စျေးကြီးပေးပြီး ညှပ်သေးတယ် မဟုတ်လား။ ဒီကြက်တွေက မင်းတို့ထက် စာရင်အများကြီး တော်ပါသေးတယ်ကွာ။

❀ ❀ ❀


www.burmeseclassic.com

www.burmeseclassic.com


"မင်းတို့ရော ဘာထူးလို့လဲ၊ စားသောက်ဆိုင်မှာ ဈေးကြီးကြီး ပေးဝယ်ပြီး အစားကောင်းကောင်းတွေ စားလိုက်။ ကိုယ်ခန္ဓာဖွံ့ဖြိုးအောင် ဆေးတွေဈေးကြီးကြီး ပေးပြီး သောက်လိုက်နဲ့ နောက်ဆုံး မင်းသေသွားရင်တောင် လောက်တွေ တီကောင်တွေတောင်မှ မစားတဲ့ ဆံပင်ကို ဈေးကြီးပေးပြီး ညှပ်သေးတယ် မဟုတ်လား။ ဒီကြွက်တွေက မင်းတို့ထက် စာရင်အများကြီး တော်ပါသေးတယ်ကွာ။

❀ ❀ ❀


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခြေမကျိုးခင် အတိတ်ဘဝကို ခဏလှည့် ကြည့်လိုက်ပါတယ်။ ကျွန်တော်ဟာ သာမန်ရုပ်ရည်လောက် ရှိတဲ့ ကောင်မလေးတစ်ယောက်ကို သာမန်လောက်ပဲ ချစ်ခဲ့မိပါတယ်။

ကောင်မလေးက ကျွန်တော့်ကို ခုခေတ်ပေါ် ကော်ဖီဆိုင်တစ်ဆိုင်မှာ ချိန်းပါတယ်။ (သူ ကော်ဖီတစ်ခွက်သောက်တာဟာ ကျွန်တော့် တဗျာနှစ်ပုဒ်စာနဲ့ ညီမျှပါတယ်) ဟိုမှာ သူက စပြောတယ်၊ ကျွန်တော်နဲ့ သူ့အကြောင်းကို သူ့အဖေသိသွားပြီတဲ့။ ဒါကြောင့် သူ့အဖေက ကျွန်တော့်ကို ခေါ်တွေ့ပါတယ်။

ရုပ်ရှင်တွေထဲက လိုပါပဲ။ သူ့အမေက ပြုံးပြုံးရွှင်ရွှင်နဲ့ ဧည့်ခန်းထဲကို ခေါ်တယ်။ သူ့အဖေလို့ ထင်ရတဲ့ ဝဝဖိုင့်ဖိုင့်လူ ကြီးကတော့ ရုပ်ရှင်တွေထဲကလို မိန့်မိန့်ကြီး ထိုင်မနေပါဘူး။ သူတို့နှစ်ယောက်စလုံးကို မုန်းမိတယ်။ မုန်းရတဲ့ အကြောင်းက လွယ်လွယ်နဲ့ ပြုံးလို့ပဲ၊

သူတို့ မျက်လုံးတွေကိုလည်း မကြိုက်ပါဘူး။ သူတို့ အကြည့်တွေက စတိုးဆိုင်က ဈေးဝယ်လာသူကို မန်နေဂျာက ကြည့်တဲ့ အကြည့်တွေလိုပဲ။ တကယ် ဝယ်မှာလား အချောင် နှိုက်မှာလားလို့ ထင်ယောင်ထင်မှား အကြည့်တွေပဲ။ ကျွန်တော်က ဈေးဝယ်လာတာမှ မဟုတ်ဘဲ။ သူ့သမီးကိုသာ တောင်းတာပါ။ ခပ်ကြောင်ကြောင် အကြည့်တွေကိုလည်း မုန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com


ထင်တဲ့အတိုင်းပါပဲ။ အလုပ်အကိုင်ကို စမေးတယ်။ကျွန်တော် ကလည်း ကဗျာဆရာပေါက်စနဲ့ ဝတ္ထုမဖြစ်စလောက် ရေးပါတယ်လို့ ကောင်းကောင်းမွန်မွန် ပြန်ဖြေလိုက်ပါတယ်။

ကလောင်နာမည်ကိုပါ ထပ်မေးပါတယ်။ မကြားဖူးဘူးတဲ့။ ဘယ်ကြားဖူးပါလိမ့်မလဲ။ ကျွန်တော်ရေးတာ စာဖတ်သူ ဆယ် ယောက်မှာ ရှစ်ယောက်လောက်က ကြိုက်တဲ့ အချစ်ဝတ္ထုမျိုးမှ မဟုတ်တာ။ ကျန်နှစ်ယောက်မှာမှ တစ်ယောက်လောက်သာ ကြိုက်တဲ့ ခပ်ဆန်းဆန်းဝတ္ထုမျိုးတွေကိုး။ တော်ရုံလူ ဘယ်ကြားဖူးပါ့မလဲ။ ကျွန် တော် သတိထားမိသလောက်တော့ အပြုံးတွေနည်းနည်း လျော့သွား တယ်။

ထားပါတော့တဲ့။ နောက်ပြီး မင်းမိဘတွေကရော ဘာလုပ် သလဲလို့ ထပ်မေးတယ်။ ကျွန်တော် ခပ်ပြတ်ပြတ်ပဲ ပြန်ဖြေလိုက် တယ်။ မိဘတွေ ဘာလုပ်လုပ် အရေးမကြီးပါဘူး။ ငယ်ငယ်တုန်းက နို့ဖိုးပေးပြီး ကျောင်းထားပေးတယ်။ သူများတွေကတော့ ကျွန်တော့် မိဘတွေကို မိဘဝတ္တရား ငါးပါး (ကျွန်တော် မသိပါ) ကျေတယ်လို့ ပြောကြတာပဲ။ ဒါပေမဲ့ ကျောင်းထဲမှာလည်း အပြုံးတုတွေပေါတဲ့ အတွက် ကျွန်တော် ကျောင်းကထွက်ပြေးခဲ့တယ်။ ဒါပါပဲ။

သူ့မိဘတွေ ပြုံးရာကနေ မဲ့သွားပါတယ်။ နားလည်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


ခပ်ပေါ်ပေါ် ဗီဒီယိုဇာတ်ကားတွေထဲကလိုပါပဲ။ ဆက်ပြောစရာ မလို တော့ပါဘူး။ သူတို့ပြုံးတာတွေကို နားလည်တယ်။ သူတို့ ပြောတာတွေ ကို သဘောပေါက်မိတယ်။ ဘာမှ ဆက်ပြီး မပြောတော့ပါဘူး။ နေရာကချက်ချင်းပဲ ထခဲ့တယ်။

ဘာဆိုဘာတစ်ခွန်းမှ ထပ်မပြောတဲ့ ကျွန်တော့်ကို သူတို့ အစ်ကိုတွေက ဘာသဘောနဲ့လည်း မသိဘူး။ လမ်းထိပ်ရောက်တော့ ဝိုင်းရိုက်ကြပါတယ်။ ဒီလိုနဲ့ပဲ ကျွန်တော် ခြေထောက်ကျိုးခဲ့ရတယ်။

❀ ❀ ❀


www.burmeseclassic.com

www.burmeseclassic.com


ဘဝအကြောင်း ကောင်းကောင်းမွန်မွန် သိသွားတဲ့ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို သတ်သေလိုက်၏။

ကျွန်တော်ဘဝကြီးမှာ ဆက်ပြီး တစ်ရက်မျှကို မနေချင်တော့ပါဘူး။ ဘဝအသစ်တစ်ခုကို တည်ထောင်ချင်ပါပြီ။ ဒါကြောင့် အဆုံးစီရင်လိုက်ရခြင်း ဖြစ်သည်။ အဆုံးရဲ့ အနောက် မှာအစဆိုတာ ရှိတတ်စမြဲပါ။ နောက်ပြီး ကျွန်တော်ဟာ ခန္ဓာကိုယ်ကြီး မရှိတဲ့အတွက် ဝမ်းမနည်းပါ။ အခုမှ စိတ်သွက်ကိုယ်လွတ်နေနိုင်ပြီး ပိုလို့တောင် ပေါ့ပေါ့ပါးပါး ရှိပါသေးတယ်။

ဒါပေမဲ့ ထူးဆန်းတာက ကျွန်တော့်အလောင်းဘေးမှာ နှပ်တရှုံ့ရှုံ့နဲ့ ငိုနေတဲ့ ကျွန်တော့်မိဘနှစ်ပါးနဲ့ ဓာတ်ပုံရိုက်လိုက် ဟိုဟာကောက်ကိုင်လိုက်၊ ဒီဟာ ကောက်ကိုင်လိုက် လုပ်နေတဲ့ ရဲတွေပါပဲ။ သေတဲ့လူက ကိုယ့်ဘာသာ ကိုယ်ကြိုက်လို့ သေတာကို သူတို့က ဘာကြောင့် ကြားဝင်ပူနေကြတာလဲ မသိပါဘူး။

ကျွန်တော်သေပြီးမှ လူတွေရဲ့သဘာဝကို ပိုလို့တောင် သဘောပေါက်လာပါတယ်။ လူတွေ တော်တော်များများဟာ အတုကို အားကိုးအားထား ပြုကြတယ်။ အဲဒီထဲမှာ အကြီးမားဆုံးကတော့ အပြုံးအတုတွေပဲ။ နောက်ပြီးတော့ လူတွေက စကားတုတွေ ပြောတယ်။ ဘုရားတု (နတ်ရုပ်) တွေကို ကိုးကွယ်တယ်။ သီချင်းတု


www.burmeseclassic.com

www.burmeseclassic.com

(ကော်ပီသီချင်း) တွေကို အားပေးတယ်။ နာရီအတု၊ ဆံပင်အတု၊ လူအတု၊ နှလုံးအတု၊ အချစ်အတု

အတု. . . အတု. . . အတုတွေ။

နောက်ဆုံးတော့ စစ်တယ်ဆိုတာ အတုတွေပဲ ရှိပါတော့တယ်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သူတစ်ပိုင်း
မင်းခိုက်စိုးစန်

(တစ်)

ကျွန်တော်သည် ကြောင်တစ်ကောင် ဖြစ်ပါသည်။ ပိုပြီး တိတိကျကျ ပြောရလျှင် ကျွန်တော်သည် ကိုယ့်ကို ချစ်ခင် ယုယ သူများ၏ လက်ပေါ်တွင် အပျင်းကြီးနေသည့် ကြောင်တစ်ကောင် ဖြစ်ပါသည်။

ခြင်္သေ့များ၊ ကျားများနှင့် ကျားသစ်များသည် 'ကြောင်ကြီး မျိုးနွယ်ဝင်အုပ်စု' ထဲတွင် ပါဝင်သည်ဟူသော သတ္တဗေဒ ပါရဂူတို့၏ အဆိုအရ ကျွန်တော်သည် အဆိုပါ 'အကောင်ကြီး' များနှင့် အလိုလို နေရင်း ဆွေမျိုးတော် စပ်နေသူလည်း ဖြစ်ပါ သည်။

သို့သော်. . . ကြောင်တစ်ကောင်သည် ဘယ်တုန်းကမှ ခြင်္သေ့



www.burmeseclassic.com

www.burmeseclassic.com



လို ဟိန်းရန် ဟောက်ရန် ကြိုးစားခဲ့ဖူးခြင်း မရှိသည်ကို သင် သတိထားမိပါသလား. . . .

စကားစပ်မိ၍ ပြောရလျှင် သင်ကော ကျွန်တော်ပါ နပိုလီယန်ကို ကောင်းစွာ သိကြသော်လည်း 'နီပိုလီယန်၏ ယောက်ဖ' အမည်ကို (ဘယ်. . . သမိုင်းစာမျက်နှာကမှ မော်ကွန်း မထိုးခဲ့သောကြောင့်) မသိခဲ့ကြပါ။ ထို့အတူ 'ဒိုင်း စတိုင်း' ကို သိသော်လည်း ဒိုင်းစတိုင်း၏ မယားဘက်ကပါသော တူတစ်ဝမ်းကွဲ၏ အမည်ကို ဘယ်သူကမှ ကြားဖူးလိမ့်မည် မဟုတ်တာ သေချာပါသည်။

(ကျွန်တော့် အယူအဆကို သင် နားထောင်လိုမည် ဆို ပါက လောက၌ လူတို့ မလိုအပ်ဘဲ လျှောက်လုပ်နေကြသော ကိစ္စများအနက် ဆွေမျိုးစပ်ခြင်းအလုပ်သည် မင်္ဂလာဆောင် အခမ်းအနားကျင်းပပုံမျိုးနှင့် ခပ်ဆင်ဆင်တူကြောင်း ပြောပြလိုပါသေးသည်။ အတော် ရှုပ်ရှုပ်ထွေးထွေး လုပ်ရသော ကိစ္စဖြစ်ပြီး နောက်ပိုင်းတော့လည်း ဘာမှမဟုတ်ပါ။)

နပိုလီယန်နှင့် ဆွေမျိုးတော်စပ် ရရုံမျှဖြင့် နပိုလီယန်လို ဟိန်းဟောက်တတ်ကြသော 'လူ'များ၊ ဒိုင်းစတိုင်းနှင့် ဆွေမျိုးတော်စပ်ရရုံမျှဖြင့် ဒိုင်းစတိုင်းလို ဟိန်းဟောက်တတ်ကြသော 'လူ'များသည် လမ်းမှာ ကြောင်တစ်ကောင်နှင့် ဆုံလျှင် ဦးညွှတ် အရိုအသေပေးသင့်ပါသည်။

---

'ငါတို့' မှ စီစဉ်ထုတ်ဝေတယ်

---

www.burmeseclassic.com

www.burmeseclassic.com


(နှစ်)

ကျွန်တော်သည် ငှက်ကုလားအုတ် တစ်ကောင် ဖြစ်ပါ သည်။

အများသူငါ ပြောကြသော စကားအရ ငှက်ကုလားအုတ်သည် ရန်သူကို မြင်သည်နှင့် တစ်ပြိုင်နက် သူတို့၏ ဦးခေါင်းများကို သဲမြေထဲတွင် ထိုးဝှက်ဖုံးကွယ် ထားလိုက်တတ်ကြောင်း သိရပါသည်။ မျက်စိများကို သဲဖုံးသွားသောကြောင့် ရန်သူကို မမြင်ရတော့ခြင်းသည် တကယ်စင်စစ် ရန်အံ့ မရှိတော့ခြင်း မဟုတ်ကြောင်း နားလည်အောင် ခက်ခက်ခဲခဲ ရှင်းပြစရာ မလိုအပ်လှသော်လည်း (ငှက်ကုလားအုတ် များနှင့် တချို့သော လူများအတွက်မူ) နားလည်ဖို့ အတော် ခက်ခဲကြောင်း သင် ခက်ခက်ခဲခဲ ကြိုးစားပြီးမှ သဘောပေါက်ပါလိမ့်မည်။

"ဉာဏ်မျက်စိကို ကျယ်ကျယ်ဖွင့်ထား" ဟု မည်သူပြောခဲ့ပါ သနည်း။

သင်သည် တစ်စုံတစ်ရာကို လေးခွဖြင့် ပစ်လိုပါက သင့် မျက်စိတစ်လုံးကိုတော့ ပိတ်ထားပြီးမှ ချိန်ရန် လိုအပ်ပေလိမ့်မည်။ ကျေးဇူးပြု၍ မျက်စိများကို သိပ်ကျယ်ကျယ် မဖွင့်ပါနှင့်။

ဆယ်ထပ်တိုက်ပေါ်က ခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် သတ် သေရန် သင် စိတ်ကူးထားပါလျှင်မူ သင့်မျက်စိ နှစ်လုံးစလုံးကို စုံမှိတ်ထား လိုက်ခြင်းသည်သာ အကောင်းဆုံး ဖြစ်ကြောင်း ကျွန်တော်အကြံပေး လိုပါသည်။

'ငါတို့' မှ စိတ်ဥ်ထုတ်ရေးယာ်

www.burmeseclassic.com

www.burmeseclassic.com


(သုံး)

ကျွန်တော်သည် နွံကောင်တစ်ကောင် ဖြစ်ပါသည်။

လောလောဆယ်တွင် ကျွန်တော် အစာရေစာ ငတ်မွတ်လျက် ရှိပါသည်ဟု ပြောလျှင် သင်တို့အနေဖြင့် 'ပုရွက်ဆိတ်နှင့် နွံကောင်' ပုံပြင်ကို ချက်ချင်း သတိရကြလိမ့်မည် ထင်၏။

သင်ထင်ထားသည့်အတိုင်းပင် ဖြစ်ပါသည်။

ကျွန်တော့်ထံသို့ ပုရွက်ဆိတ် တစ်ကောင် ရောက်လာ၏။

"သင့်အနေနဲ့ အချိန်ရှိတုန်းကတော့ အစာ စုဆောင်းတဲ့ အလုပ်ကို မလုပ်ဘဲ အချိန်ဖြုန်းနေခဲ့ပြီး အခုမှ ကျွန်ုပ် စုဆောင်းထား တဲ့ အစာတွေကို တောင်းဖို့ စိတ်မကူးပါနဲ့၊ မပေးနိုင်ဘူး"

ဟု ပြော၏။

ကျွန်တော် အတော် စိတ်ဆိုးသွားပါသည်။

ဘာဖြစ်လို့များ နီတိတွေ၊ ပုံပြင်တွေထဲကအတိုင်း အားလုံးက လိုက်ပြီး သရုပ်ဆောင်နေကြပါလိမ့်ဟုလည်း တွေးမိ၏။

တကယ်ဆိုလျှင် ထို 'ပုရွက်ဆိတ်နှင့် နွံကောင်' ပုံပြင်သည် အတော် ရယ်စရာ ကောင်းပါသည်။

နွံကောင်က ဘယ်လိုအကြောင်းနှင့်မှ ပုရွက်ဆိတ် တစ်ကောင် ၏ အစာကို တောင်းစားဖို့ မဖြစ်နိုင်ပါ။ (စားသော အစာ ပုံစံချင်း



www.burmeseclassic.com

www.burmeseclassic.com


မတူသောကြောင့် ဖြစ်ပါသည်။)

နှံကောင်သည် အက်ကရီဒိုင်အီဒေး (Acridiidae) အုပ်စုဝင် ပိုးမွှားတစ်မျိုးဖြစ်ပြီး သစ်ရွက်စိမ်းများနှင့် သစ်ပင်ငယ်တို့၏ ပင်စည်များကိုသာ စားသောက်တတ်သော သတ္တဝါ ဖြစ်ပါသည်။

ပုရွက်ဆိတ်မျာမူ ဟိုင်မင်းနော့ပ်တဲရာ (Hymenoptera) အုပ်စုဝင် ဖော်မစ်ဒီမျိုး စိတ်ဖြစ်သောကြောင့် ပျားရည်၊ သကြား၊ ထမင်းတို့ကဲ့သို့ အချိုရည်ပါသော ပစ္စည်း၊ အသားအစအနများနှင့် ပျကဲ့သို့သော ပိုးမွှားငယ်ကလေးများကို စားပါသည်။

ပုရွက်ဆိတ်လိုမျိုး အစာကို ကြိုကြိုတင်တင် မစုဆောင်းထားရကောင်းလားဟု အပြစ်တင်နေသည့်အစား နှံကောင်စားသော အစားအစာသည် စုဆောင်း သိုလှောင်ထားရန် မဖြစ်နိုင်သော သဘောသဘာဝ ရှိကြောင်း အရင် နားလည်အောင် ကြိုးစားသင့်ပါသည်။

'ချွေတာစုဆောင်း သူဌေးလောင်း' ဆိုသည့်စကားကို မှားသည်ဟု ကျွန်တော် ပစ်ပစ်ခါခါ မပြောလိုပါ။ နှံကောင်အနေဖြင့် စုတတ်ဆောင်းတတ်မည် ဆိုလျှင် သစ်ရွက်ခြောက်များ၊ သစ်ပင်ခြောက်များကို ပိုင်ဆိုင်သော ဇောတိက တစ်ကောင် ဖြစ်လာနိုင်စရာ ရှိသည်ဟုသာ ဖြေတွေး တွေးလိုက်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


ချွေတာ စုဆောင်းနိုင်ရန် အခွင့်အလမ်း နည်းပါးလွန်း လှသည့် ဘဝများသည် လောကမှာ ရှိနေသေးသည့်အကြောင်း အခွင့်အလမ်း သာသည့် တစ်ချိန်ချိန်တွင် ကျွန်တော် ပုံပြင်တစ် ပုဒ် ရေးပါဦးမည်။


www.burmeseclassic.com

www.burmeseclassic.com



(လေး)

ကျွန်တော်သည် ကမ္ဘာပေါ်တွင် အလှဆုံးဟု အသတ်မှတ်ခံရသည့် 'နန္ဒဝန်ငှက်'တစ်ကောင် ဖြစ်ပါသည်။

ပစိဖိတ်သမုဒ္ဒရာထဲရှိ ကျွန်းများတွင် လှည့်လည်ကျက် စားလေ့ရှိသည့် ထိုငှက်မျိုးသည် ပရာဒီစီအပိုဒါ **(Ptradisae Apoda)** မျိုးနွယ်ဝင် ငှက်ဖြစ်ပြီး ခြေထောက်များ မပါရှိသောကြောင့် မြေပြင်ပေါ်သို့ လုံးဝ ဆင်းသက်ခြင်း မရှိဘဲ အစဉ်ထာဝရ ကောင်းကင်မှာသာ ပျံဝဲနေတတ်ကြောင်း ၁၉ ရာစုနှစ်ထုတ် ဗြိတိသျှစွယ်စုံကျမ်းတစ်စောင်တွင် ဖတ်လိုက်ရသောအခါ ကျွန်တော် အံ့ဩသွားပါသည်။

စင်စစ် ထိုအချက်အလက်သည် မှားယွင်းနေကြောင်း နောင်အတော်ကြာမှ ကျွန်တော် သိလာရသည်။

ထိုငှက်များတွင် သူလိုကိုယ်လို ခြေထောက်နှစ်ချောင်း ပါရှိသည့်တိုင် ဒေသခံ ကျွန်းသူကျွန်းသားများက ထိုငှက်များ ဖမ်းဆီးမိပြီး ဥရောပသို့ တင်ပို့ ရောင်းချခြင်း မပြုမီ ခြေထောက် နှစ်ချောင်းကို ဖြတ်ပစ်လိုက်ခြင်းသာ ဖြစ်၏။

ယင်းကို ဥရောပတိုက်သားတို့က အူကြောင်ကြောင် နိဂုံးစွာ တလွဲတချော် တွေးပြီး အမှတ်မှားခဲ့ကြပုံ ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com


မဆီမဆိုင်လှစွာပင် ကျွန်တော် ဖျတ်ခနဲ သတိရလာသော စကားပုံ တစ်ခုကို ရွတ်ပြလိုက်ပါသည်။

"Who has no courage shuld have legs"

"သတ္တိမရှိသူတစ်ယောက်တွင် ခြေထောက်များ ရှိဖို့ လိုသည်"

ဟူသည့် အီတလီစကားပုံ ဖြစ်၏။

ကျွန်တော် သဘောတူပါသည်။ သတ္တိမရှိဘူးဆိုမှတော့ ထွက်ပြေးရဦးမည် ဆိုသည်ကို သင်ကော ကျွန်တော်ပါ နားလည်ထားကြသည် မဟုတ်လား။ ထိုသူတွင် ခြေထောက်တွေ ရှိဖို့ရာ အသေအချာ လိုအပ်ပါသည်။

ကျွန်တော့်တွင် ခြေထောက်များ မရှိပါ။

သတ္တိ ရှိလွန်းနေသောကြောင့်ကား မဟုတ်။

ကျွန်တော်သည် ခြေထောက်များ အဖြတ်ခံထားရသော နန္ဒဝန်ငှက် တစ်ကောင် ဖြစ်ပါသည်။

❀ ❀ ❀


www.burmeseclassic.com

www.burmeseclassic.com



(ငါး)

ကျွန်တော် အမြီးပြတ်နေသည့် ခွေးတစ်ကောင် ဖြစ်ပါ သည်။

အီစွတ်ပုံပြင်များကို ဖတ်ဖူးလျှင် သင်. . . ကျွန်တော့်ကို သိပါလိမ့်မည်။ မိမိတွင် အမြီးပြတ်နေသည့် အတူတူ တခြား ခွေးတွေကိုပါ အမြီးတွေ ဖြတ်ပစ်လိုက်ဖို့ရန် တိုက်တွန်းခဲ့သော ပုံပြင်ထဲမှ ခွေးသည် ကျွန်တော် ဖြစ်ပါသည်။

စင်စစ် ထိုကိစ္စသည် ကျွန်တော်၏ ယုတ်မာ မနာလိုမှု တစ်ခု မဟုတ်ဘဲ ခွေးဘောင်လောကကြီး တစ်ခုလုံးကို ကယ်တင်ရန် ကြိုးပမ်းခဲ့သော ကျွန်တော်၏ အားထုတ်မှုတစ်ရပ်သာ ဖြစ်သည့် အကြောင်း ဤနေရာမှ နေ၍ ဖြေရှင်းပါရစေ။

ကြောက်ရွံ့စရာတွေ့လျှင် အမြီးကုပ်ခြင်း၊ ပျော်ရွှင် ဝမ်းမြောက်စရာ တွေ့လျှင် အမြီးနန့်ခြင်းတို့သည် ကျွန်တော်တို့ ခွေးများ၏ 'ဟန်မဆောင်တတ်သည့် အားနည်းချက်' ဖြစ်၏။

လူတွေကတော့ သည်လိုမဟုတ်ပါ။ ကြောက်ရွံ့သော်လည်း မကြောက်ရွံ့ချင်ယောင် ဟန်ဆောင်ထားနိုင်ကြ၏။ ပျော်ရွှင်ဝမ်းမြောက်သည့်တိုင် သူတို့၏ နှုတ်ခမ်းများကို မဲ့ထားနိုင်စွမ်း ရှိကြ၏။

အဲသည်လို စွမ်းဆောင်ရည်ထူးကဲသော ဟန်ဆောင်မှု ရချင်လျှင် ခွေးများတွင် အမြီးမရှိမှ ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com


မယားငယ် ချိုင်းမွေးကိုသာ မြတ်နိုးရှိသေတတ်ကြပြီး 'ရိုးသား ခြင်း' ကို အလေးအနက်ထားရကောင်းမှန်း မသိသော 'လူများ' အတွက် ခွေးတစ်ကောင်၏ ခံစားချက်ကို ကျေးဇူးပြု၍ နားလည် ခွင့်လွှတ်ပေးစေလိုပါသည်။

တကယ်ပင် လူတွေက ရိုးသားခြင်းကို နေရာမပေးချင်ကြပါ။

"အမြီးသည် ခွေးတစ်ကောင်၏ ရိုးသားမှု ဖြစ်သည်" ဆိုသည့် အချက်ကိုလည်း အသိအမှတ် မပြုကြပါ။

ခွေးမြီးကောက် ကျည်တောက်စွပ် ဟူသည့် စကားပုံကို သင် ကြားဖူးသည် မဟုတ်လား။ ပြုပြင်သွန်သင် ဆုံးမ၍ မရသော 'လူ' များကို ခွေးအမြီးနှင့် ခိုင်းနှိုင်းထားခြင်း ဖြစ်ပါ သည်။ ခွေးအမြီးကို ဝါးကျည်တောက်စွပ်ပြီး ဖြောင့်အောင် ကြိုးစားကြည့်သော်လည်း နဂို အတိုင်း ကောက်မြဲကောက်နေသည်ဟု ဆိုလိုပုံ ရ၏။

တကယ်ဆိုလျှင် သည်ကိစ္စတွင် ခွေးအမြီးကို တရားခံ လုပ်စရာ ဘာအကြောင်းမှ မရှိပါ။ အမြီးကောက်နေသည်ကို ဖြောင့်ပေးဖို့ရန် အလှပြင်ဆိုင် သွားအပ်သည့် ခွေးဟူ၍ သင် ကြားဖူးပါသလား။ သူ့ဘာသာသူ ရိုးရိုးသားသား ကျေကျေနပ်နပ် ကောက်နေသည့် အမြီး ကို မနေနိုင်၊ မထိုင်နိုင် ဖြောင့်ပေးဖို့ရန် လက်ဆော့ပြီး ဝါးကျည် တောက် သွားစွပ်သူမှာသာ အပြစ် ရှိပါသည်။ ကမ္ဘာဦး အစက


www.burmeseclassic.com

www.burmeseclassic.com


တည်းက ကောက်နေသည့် ခွေးအမျိုးသည် (ကျွန်တော် သိရ သလောက်) မည်သူ့ကိုမှ ဒုက္ခပေးခဲ့ဖူးခြင်း မရှိပါ။

ခွေးငယ်များ၏ ရှေ့ရေးကို ကယ်တင်ရန်အတွက် ခွေးအပေါင်း တို့ မျက်နှာငယ်စရာ ဖြစ်စေသည့် အမျိုးများကို ဖြတ်တောက်ပစ်ဖို့ ကျွန်တော် တိုက်တွန်း နှိုးဆော်ခဲ့ရသည့် အကြောင်း သဘောပေါက် လောက်ပြီ ထင်ပါသည်။

အကယ်၍ သင်သာ ဘဝတစ်ခုခုတွင် ခွေးဖြစ်ရပါက သင့် အမျိုးကို ဖြတ်ပစ်ပါမည်ဟု ကျွန်တော့်အား ကတိပေးနိုင်ပါမည်လား။


www.burmeseclassic.com

www.burmeseclassic.com



(ခြောက်)

နိဂုံးချုပ်အနေဖြင့် ပြောရလျှင်. . .

ကျွန်တော်သည် မြက်ပင်တစ်ပင်လည်း ဖြစ်ပါသည်။

'သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်' ဟူသော စကားအရဆိုလျှင် ကျွန်တော်သည် သစ်ပင်ကောင်းတစ်ပင် မဟုတ် သလိုသလို ဘာလိုလို. . . ဖြစ်နေ၏။ ကျွန်တော်ကတော့ သစ်ပင် ဆိုသည်မှာ ငှက်တွေနားဖို့ ရည်ရွယ်ချက်ဖြင့် ပေါက်ပေးရတာလား၊ သူ့ဘာသာသူ ပေါက်စရာ အကြောင်း ရှိသောကြောင့် ပေါက်ရတာ လား. . ဆိုသည်ကို စဉ်းစားနေမိပါ သည်။

ကျွန်တော်သည် မြက်ပင်ဖြစ်နေသောကြောင့် ကျွန်တော့် အပေါ်တွင် ငှက်တစ်ကောင်မှ နားရန် မဖြစ်နိုင်ပါ။

လူ့ဘဝ. . . ဆိုသည်မှာ ငှက်တွေနားဖို့ရန် ပေါက်လာပေး ရသော သစ်ပင်တစ်ပင် မဟုတ်ကြောင်းနှင့် သူ့နည်းသူ့ဟန်နှင့် သူ တောင်းနေခွင့် ရှိသည့်အကြောင်း သင်တို့ကို အားလပ်သည့်အခါ များတွင် ပြောပြဦးမည်ဟု ကျွန်တော် စိတ်ကူးထားပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



(ခုနစ်)

'ကံသာလျှင်အမိ ကံသာလျှင်အဖ' ဟု ပြောတတ်သူများနှင့် တွေ့လျှင် မှတ်ပုံတင် တောင်းကြည့်လိုက်ပါ။ အဖအမည် ဦးကံ အမိအမည် ဒေါ်ကံဟု ရေးထားလိမ့်မည် မဟုတ်သည်ကတော့ သေချာပါသည်။

ကျွန်တော့်အဖေနှင့် အမေသည် ဦးမြဝင်းနှင့် ဒေါ်အေးကြွယ် ဖြစ်ပြီး ကျွန်တော့်အမည်မှာ မောင်ကျော်စိုး ဖြစ်ပါသည်။

ကျွန်တော်သည် ကြောင်သော်လည်းကောင်း၊ ခွေးသော်လည်း ကောင်း၊ ငှက်သော်လည်းကောင်း၊ မြက်သော်လည်းကောင်း မည်မျှ ပင် ဆိုးဆိုးရွားရွား ဖြစ်နေစေကာမူ ကျွန်တော့်အဖေနှင့် အမေတို့၏ နာမည်ကို ဦးကံနှင့် ဒေါ်ကံအဖြစ် ပြောင်း ပစ်လိမ့်မည် မဟုတ်ပါ။

ကျွန်တော်သည်. . . ကျွန်တော်သာလျှင် ဖြစ်ပါသည်။

မင်းခိုက်စိုးစန်



www.burmeseclassic.com

www.burmeseclassic.com




ဘ်

ဘက်

ချွန်တော်

ဟယ်၊ ကိစ္စတို

ငယ်ပါ

ဆိုးတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဝံပုလွေပုံပြင်

သွန်းနေစိုး

### ၁။ ပုံပြင်အပြင်က ဝံပုလွေ

ကျုပ်ဟာ ဝံပုလွေတစ်ကောင်ပါ။ ဝံပုလွေဖြစ်တဲ့အတွက် ကျုပ်ကိုကျုပ် ဘယ်တုန်းကမှ မရှက်ခဲ့ဘူး။ ဝမ်းလည်းမနည်းခဲ့ဖူးဘူး ဒါပေမဲ့ ကျုပ်မှာ ဒေါသထွက်ရတာတော့ ရှိတယ်။ ဘယ်နှယ့်အာ လောကကြီးကိုက မကောင်းတာ။ မတရားလိုက်ပုံများ။ နေရင်း ထိုင်ရင်းနဲ့ ကျုပ်တို့ ဝံပုလွေတွေဟာ ယုတ်မာသတဲ့။ ကောက်ကျစ် တဲ့။ ကျုပ်တို့က ဘာများယုတ်မာလို့တုန်း။ ကျုပ်တို့အစာဖြစ် ခင်တွေကို ကျုပ်တို့ တတ်စွမ်းသလို နည်းလမ်းနဲ့ ဲ့တယ်။ ဒါကိုပဲ ယုတ်မာတယ်လို့ ခေါ်မလား ခြားအကောင်တွေကရော၊ သူတို့လည်း ားကောင်



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ ဖမ်းပြီး စားကြတာပဲ။ သူတို့ကျတော့ ယုတ်မာတယ်လို့ မပြောကြဘူးဗျာ။ ဥပမာ ဇီးကွက်လို အကောင်မျိုး။ မျက်လုံးက ပြူးပြူးနဲ့ ညမှသာ ထွက်ရဲတဲ့ အဲဒီ အကောင်ကိုကျတော့ ပညာရှိ ဇီးကွက်တဲ့။ လာဘ်ကောင်တဲ့။ ညှော်ခန်းတွေဘာတွေထဲက စင်မြင့်တွေ ဘာတွေပေါ်မှာ တရိုတသေ ထားကြတယ်။ ကျုပ်တို့ကိုလည်း အဲဒီ လိုပဲ ပညာရှိ ဝံပုလွေတို့၊ လာဘ်ကောင်ဝံပုလွေတို့ ဆိုပြီး သူ့လို စင်ပေါ်တင်ထားပါလားဗျာ။ ဘယ်လောက်များ ကျုပ်တို့ ကျေးဇူးတင် လိုက်မလဲ။ တကယ်တမ်း အဲဒီဇီးကွက်ဆိုတဲ့ ကောင်ကလည်း သူ ကိုယ်တိုင်တောင် တစ်နေ့စာ တစ်နေ့ ပင်ပန်းကြီးစွာ ရှာဖွေ စား သောက်နေရတဲ့ ဥစ္စာစီးပွားရေးတွေ ဘာတွေ တိုးအောင် ဘယ်လို လုပ် လုပ်နိုင်မှာလဲ။ တိရစ္ဆာန်ခြင်း အတူတူဟာကို အဆင့်အတန်း ခွဲခံရတာလောက် အသည်းနာစရာ မရှိဘူးဗျာ။

အံမယ်၊ ဒါတင်မကသေးဘူး။ ကျုပ်တို့က ဇာတ်သိမ်းလည်း ဘယ်တော့မှ မကောင်းဘူးဗျ။ ရှိသမျှ ပုံပြင်တိုင်းလိုလိုမှာ ကျုပ်တို့ဟာ အသေဆိုးနဲ့ သေရတာတို့၊ နောက်ဆုံး အရှက်ရပြီး ထွက်ပြေးရတာတို့ ချည်းပဲ။ ကျုပ်တို့မှာဗျာ၊ ကောက်လည်း ကောက်ကျစ်ရသေးတယ်၊ ဘယ်တော့မှလဲ အနိုင်ရလိုက်တယ်ကို မရှိဘူး။

အထူးသဖြင့် ပုံပြင်တစ်ပုဒ်ထဲမှာဆို တော်တော့ကို ဆိုးတယ်။



www.burmeseclassic.com

www.burmeseclassic.com


အဲဒီပုံပြင်ထဲမှာ ကျူပ်တို့ဟာ ဘာမှမဟုတ်ဘဲ နေရင်းထိုင်ရင်းကြီးကို အသက်ထွက်သွားရတယ်။ ကျူပ်တို့ မကောင်းကြံတယ်ဆိုတဲ့ သား ကောင်ကိုလည်း ဘာမှ ဒုက္ခမပေးလိုက်နိုင်ဘူး။ အဲဒီကောင်ကတော့ သိတောင်မှ သိလိုက်ရဲ့လား မသိပါဘူးဗျာ။

ပုံပြင်က ဒီလိုဗျ။ အားလုံးပဲ ကြားဖူးပြီးသားတော့ ဖြစ်မှာပါ။ တစ်ခါက ဝံပုလွေတစ်ကောင်ဟာ သိုးတွေကို စားချင်တဲ့အတွက် (သူတို့အဆိုအရတော့) မကောင်းတဲ့ အကြံအစည် တစ်ခုကို ကြံပါ သတဲ့။ လုပ်ပုံကတော့ သူ (အဲဒီဝံပုလွေ)ဟာ သိုးအုပ် တစ်အုပ်ထဲကို သိုးရေခြုံဝင်သတဲ့။ သိုးယောင်ဆောင်ပြီး သိုးတွေကို ဖမ်းစားမယ်ပေါ့။ ဒါပေမဲ့ ဘယ်သိုးကိုမှ မစားနိုင်ခင်မှာပဲ သူဟာ သိုးတွေကို ဖမ်းချို့ ချုံဖုတ်ထဲက စောင့်နေသူ မုဆိုးရဲ့ သိုးထင်ပြီး သူ့ဆီ ပစ်လိုက်တဲ့ လှံချက်နဲ့ သေဆုံးရပါသတဲ့။

အဲဒီပုံပြင်ကို ကြားရတိုင်းပဲ ကျူပ်ရင်ထဲမှာ တနုံ့နုံ့နဲ့ ခံစားရ တယ်။ ယုတ္တိမရှိလိုက်တဲ့ ပုံပြင်ကြီးကွာလို့လည်း စိတ်ထဲမှာ အောင့် သက်သက်နဲ့။ ဘယ်နှဲ့ဗျာ။ ကျူပ်တို့ ဝံပုလွေတွေဟာ အဲဒီလောက် ညံ့ဖျင်းရမှာလား။ သိုးသားစားချင်တာများ အတင်းလိုက် ကိုက် ပြီး စားလိုက်ရုံပေါ့။ သိုးဖမ်းတာပဲဗျာ။ ကျားဖမ်းတာမှ မဟုတ်ဘဲ ဟန်ဆောင်ပြီး သိုးရေတွေ ဘာတွေ ခြုံနေဖို့ မလိုပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကျုပ်တို့ ဝံပုလွေသိက္ခာကို သက်သက်ချတာဗျ။ ဘယ့်နှယ် အဲ့ဒီဝံပုလွေဟာ သိုးရေခြုံပြီး သိုးအုပ်ထဲ တကယ်ပဲ ဝင်ဘယ် ထားပါဦး။ အဲ့ဒီလို မလုပ်ခင် သူ့နည်းနည်းမှ မစူးစမ်းတော့ဘူးလား။ လုံတစ်မစ်~~က်စာလေးအကွာမှာ မုဆိုးရှိနေတာကို တောင် မသိနိုင်တ်လား။ ငရဲ

မုဆိုးပစ်လိုက်မြဲ သိပ်မကြာလိုက်ခင်မှာပါပဲ ခပ်လွယ်လွယ်နဲ့ ကျွန်တော် လျှင်မြန်တဲ့ မျိုး မယ့် ဆူဆူပြိုးပြိုး သိုးတစ်ကောင်ကို ရှာတွေ့တယ်။ အချိန်မှာရော ဟာ ကျွန်တော့်ကို ကျော့ပေးထားတယ်။ အ,ပုံလည်း (အင်မတန် သတ် ဒီလောက် ကပ်တာတောင် ကျွန်တော့်ရဲ့ အနံ့ကို လွတ် ဖြစ်နေခဲ့ရလ ညကို ကျွန်တော် အလွယ်တကူ ဖမ်းနိုင်လိုက်မယ်လို့

တွေးရင်း စ

တယ်။ အဲတကြိတ် အသင့်ပြင်ထားပြီးတဲ့ အခါကျတော့မှ မုဆိုးကို ကျွန် ပုံပြင်ကြီး ရှိနေတဲ့ ဒ်းနေလိုက်တယ်။ ကျွန်တော့် သဘောက မုဆိုးက ရက်ပေါင်းများစွာ ( သိုးကို ဂုတ်ကကိုက်ချီပြီး လှလှပပလေး လွတ်ထွက် ကျွန်တော်ဆုံးဖြတ်ခဲ့ ပါပေမယ့် အချိန်တွေသာ ကုန်လာတယ်။ မုဆိုးဘက် အင်မတန် စွန့်စား လုံးလုံးမစသေးတဲ့အတွက် ကြာတော့ ကျွန်တော် ပုံပြင်ထဲ ဝင်ပါဖို့ပါပဲ ဖြစ်လာရတယ်။ ခပ်မြန်မြန်ပြီးသွားရမဲ့ ကိစ္စကို

အတန်တန် စဉ်းစ နတွေ ကြာရတယ်လို့ ပြုံးဆူလာမိပါတယ်။

ဒါတို့ မှ စီစဉ်ထုတ်ဝေတယ်

www.burmeseclassic.com

www.burmeseclassic.com


ကသာ ကျုပ်ရဲ့ စိတ်ကို ကျေလည်စေခဲ့တယ်။ ဒီလောက်တောင် ယုတ်မာတယ်လို့ ကောက်ကျစ်လို့ အပြောခံရတဲ့ ဝံပုလွေတစ်ကောင် အနေနဲ့ သိုးရေခြုံပြီးတော့ သိုးအုပ်ထဲက သိုးတစ်ကောင်ကို အောင် အောင်မြင်မြင် စားပြလိုက်ဦးမယ်။ ဘုန်းတော်ကြီးရဲ့ တကယ့်စိတ်ရင်း

ပုံပြင်က ဒီလိုဗျ။ အားလုံးပဲ ကြားဖူးပြီးသားဖြစ်ကောင်း ဖမ်းပြီး တစ်ခါက ဝံပုလွေတစ်ကောင်ဟာ သိုးတွေကို ဖမ်းမည့်ကြောင်း (သူတို့အဆိုအရတော့) မကောင်းတဲ့ အကြံအစည်ရှိ၊ အနွံရာယ် သတဲ့။ လုပ်ပုံကတော့ သူ (အဲဒီဝံပုလွေ)ဟာ သိုး တော် လုပ်ပြ သိုးရေခြုံဝင်သတဲ့။ သိုးယောင်ဆောင်ပြီး သိုး ဒါပေမဲ့ ဘယ်သိုးကိုမှ မစားနိုင်ခင်မှာပဲ နဲ့ပဲ ကျွန်တော် ဟာ ချုံဖုတ်ထဲက စောင့်နေသူ မုဆိုးရဲ့ သိုးထင်မှားကို ရှင်ရှင်ထား လှံချက်နဲ့ သေဆုံးရပါသတဲ့။ ဖြစ် ဝိဝိရိရိ သရုပ်

အဲဒီပုံပြင်ကို ကြားရတိုင်းပဲ ကျုပ်ရင်ကျင့်ခဲ့တယ်။ သိပ် တယ်။ ယုတ္တိမရှိလိုက်တဲ့ ပုံပြင်ကြီးကွာလို့ စည်းနည်းလောက် သက်သက်နဲ့၊ ဘယ်နဲ့ဗျာ။ ကျုပ်တို့ ဝံပုဇာတ်ကို ပြီးပြည့်စုံသွား ဘဲ့နည်းရမှာလား။ သိုးသားစားချင်တာလောက်တောင့်သက် တ်ပြီး စားလိုက်ရုံပေါ့။ သိုးဖမ်းတာပဲဗျာ။ ဟန်ဆောင်ပြီး သိုးရေတွေ ဘာတွေ


www.burmeseclassic.com

www.burmeseclassic.com

၂။ ပုံပြင်ထဲမှ

ကျွန်လေး ...ယောင် ဖြစ်နေတယ်။ ကြည့်ရတာ ...စ်မျိုးပဲ။ ...လှမ်းပစ်မှာကို ရမ... ...တဲ့ မသိုးမသန့် ဖြစ်... တစ်ခုလုံး ဒပြီး သိုး... ...ထွက်ခဲ့မယ်ပေါ့။ ကျွန်တော့်မျက်စိနဲ့ နားကို တစ်ကောင် သို့ရှင်ထားနေပါတယ်။ မုဆိုးက အချိန်မရွေး လှံနဲ့ ပစ်လိုက် ပတ်ဝန်းကျင်ကို စောင့်လား။

လိုက်တယ်။ ခုပဲ မှဲ့ သိပ်မကြာလိုက်ခင်မှာပါပဲ ခပ်လွယ်လွယ်နဲ့ ကျွန်တော် ရလိုက်သလိုပါပဲ ...မယ့် ဆူဆူဖြိုးဖြိုး သိုးတစ်ကောင်ကို ရှာတွေ့တယ်။

သာယာင်ဟာ ကျွန်တော့်ကို ကျောပေးထားတယ်။ အ,ပုံလည်း စိတ်ကျေနပ်မှု အပြုံး ဒီလောက် ကပ်တာတောင် ကျွန်တော့်ရဲ့ အနံ့ကို ဟာ အစဉ်အလာမှာ မှုသူကို ကျွန်တော် အလွယ်တကူ ဖမ်းနိုင်လိုက်မယ်လို့ မုဆိုးကို ပြိုင်ပွဲတစ်...

လွန်းတော့ ကျွန်တော့်အသင့်ပြင်ထားပြီးတဲ့ အခါကျတော့မှ မုဆိုးကို ကျွန် ရှိပါတယ်လေ ဆိုပြီးငေးနေလိုက်တယ်။ ကျွန်တော့် သဘောက မုဆိုးက တယ်။ သိုးကို ဂုတ်ကကိုက်ချီပြီး လှုလှုပပလေး လွတ်ထွက်

အရင်ဆုံး ကျွန်ုပ်ပါပေမယ့် အချိန်တွေသာ ကုန်လာတယ်။ မုဆိုးဘက် မခက်ခဲလိုက်ပါဘူး။ ၄ လုံးလုံးမစသေးတဲ့အတွက် ကြာတော့ ကျွန်တော် တွေ့ရတော့တာပဲ။ တဖြစ်လာရတယ်။ ခပ်မြန်မြန်ပြီးသွားရမဲ့ ကိစ္စကို တဲ့ကောင်တွေဖြစ်မှန်း အချိန်တွေ ကြာရတယ်လို့ မြူဆူလာမိပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


ကသာ ကျုပ်ရဲ့ စိတ်ကို ကျေလည်စေခဲ့တယ်။ ဒီလောက်င် မလိုပါဘူး ယုတ်မာတယ်လို့ ကောက်ကျစ်လို့ အပြောခံရတဲ့ ဝံပုလွေငါ့ ပြဖို့အတွက် အနေနဲ့ သိုးရေခြုံပြီးတော့ သိုးအုပ်ထဲက သိုးတစ်ကောင်ဂ်ရပါတယ်။ ဖအောင်မြင်မြင် စားပြလိုက်ဦးမယ်။ ...ရဲ့ တက ...ရတော့တယ်။

ပုံပြင်က ဒီလိုဗျ။ အားလုံးပဲ ကြားဖူးပြီးသိုက်ကလည်း အိုက် တစ်ခါက ဝံပုလွေတစ်ကောင်ဟာ သိုးတွေကို သိုးအုပ်ဆီ ဆင်း (သူတို့အဆိုအရတော့) မကောင်းတဲ့ အကြံ...ကြီး တစ်ခုကို သတဲ့။ လုပ်ပုံကတော့ သူ (အဲဒီဝံပုလွေ)ဟာ သိုး...ည် တက်ကြွမိပါ သိုးရေခြုံဝင်သတဲ့။ သိုးယောင်ဆောင်ပြီး သိုး... ဒါပေမဲ့ ဘယ်သိုးကိုမှ မစားနိုင်ခင်မှာပဲ ...သွားရင်းနဲ့ သိပ်တောင် ချုံဖုတ်ထဲက စောင့်နေသူ မုဆိုးရဲ့ သိုးထင်... ခပ်လွယ်လွယ် မြင် လှံချက်နဲ့ သေဆုံးရပါသတဲ့။ ...ိုးဆိုတော့ ပုံပြင်ထဲက

အဲဒီပုံပြင်ကို ကြားရတိုင်းပဲ ကျုပ်ရင်ထဲမှာ ငုတ်တုပ်လေး တယ်။ ယုတ္တိမရှိလိုက်တဲ့ ပုံပြင်ကြီးကွာလို့ ...ရှိနေတဲ့ ကျွန်တော့်ကို သက်သက်နဲ့။ ဘယ်နဲ့ဗျာ။ ကျုပ်တို့ ဝံပု...သကျော်ခဲ့ရတယ်ပေါ့။ ...ဘွဲ့နည်းရမှာလား။ သိုးသားစားချင်တာ... မုဆိုးရေလို့ တွေး... ...တ်ပြီး စားလိုက်ရုံပေါ့။ သိုးဖမ်းတာပဲဗျာ...ယ်။ ဟန်ဆောင်ပြီး သိုးရေတွေ ဘာတွေ ... တော်ဟာ ...းအုပ်ထဲ


www.burmeseclassic.com

www.burmeseclassic.com



ဝင်သွား၊
ယောင် ဖြစ်နေတယ်။ ကြည့်ရတဲ့ ... စ်မျိုးပဲ။
အသာလေး ... လှမ်းပစ်မှာကို ရ...
...ဲ့ မသိုးမသန့် ဖြစ်...
ရှောင်ပြပြီး သိုး... ထွက်ခဲ့မယ်ပေါ့။ ကျွန်တော့်မျက်စိနဲ့ နားကို
တော့ ရှင်ရှင်ထားနေပါတယ်။ မုဆိုးက အချိန်မရွေး လှံနဲ့ ပစ်လိုက်
နိုင်တယ် မဟုတ်လား။

ဒါပေမဲ့ သိပ်မကြာလိုက်ခင်မှာပါပဲ ခပ်လွယ်လွယ်နဲ့ ကျွန်တော်
စားဖို့ ရည်ရွယ်မယ့် ဆူဆူဖြိုးဖြိုး သိုးတစ်ကောင်ကို ရှာတွေ့တယ်။
အဲ့ဒီကောင်ဟာ ကျွန်တော့်ကို ကျောပေးထားတယ်။ အံ့ပုံလည်း
ရတယ်။ သူ့နား ဒီလောက် ကပ်တာတောင် ကျွန်တော့်ရဲ့ အနံ့ကို
သူမရတဲ့အတွက် သူ့ကို ကျွန်တော် အလွယ်တကူ ဖမ်းနိုင်လိုက်မယ်လို့
ထင်ပါတယ်။

အားလုံး အသင့်ပြင်ထားပြီးတဲ့ အခါကျတော့မှ မုဆိုးကို ကျွန်
တော် စောင့်ဆိုင်းနေလိုက်တယ်။ ကျွန်တော့် သဘောက မုဆိုးက
လှံနဲ့လှမ်းပစ်မှ သိုးကို ဂုတ်ကကိုက်ချီပြီး လှလှပပလေး လွတ်ထွက်
သွားပြမယ်ပေါ့။ ဒါပေမယ့် အချိန်တွေသာ ကုန်လာတယ်။ မုဆိုးဘက်
က လှုပ်ရှားမှုကို လုံးလုံးမစသေးတဲ့အတွက် ကြာတော့ ကျွန်တော်
စိတ်မရှည်နိုင် ဖြစ်လာရတယ်။ ခပ်မြန်မြန်ပြီးသွားရမဲ့ ကိစ္စကို
ဒင်းလုပ်တာနဲ့ အချိန်တွေ ကြာရတယ်လို့ ပြုံးဆူလာမိပါတယ်။

---

'ငါတို့' မှ စီစဉ်ထုတ်ဝေတယ်

---

www.burmeseclassic.com

www.burmeseclassic.com 

ကသာ က...  စိတ်ကို ကျေလည်စေခဲ့တယ်။ ဒီလော...? ကျွန်
...သူ့ကို စောင့်မ... ...ချစ်လို့ အပြောခံရတဲ့ ဝံပု...စ် မပစ်ပစ်
ကျွန်တော် သိုးကို ကိုက်ချီသွားဖို့ကိုသာ ...တော့တယ်။ သူ့
လှံတံကို လက်မတင်လေး မရှောင်ပြလိုက်ရပေမဲ့ သိုးအုပ်ထဲကို သိုး
ယောင်ဆောင်ဝင်ပြီး သိုးတစ်ကောင် ဖမ်းပြနိုင်တယ်ဆိုရင်လည်း
ပြီးတာပဲ မဟုတ်လား။

အဲဒါကြောင့်မို့ ကျွန်တော်ဟာ မုဆိုးကို သိပ်အရေးမထားတော့
ဘဲ သိုးဖမ်းဖို့ကိုသာ အားစိုက်လိုက်တော့တယ်။ သတိကတော့ ဆက်
ထားနေတုန်းပဲပေါ့။ မုဆိုးရဲ့ ကျွန်တော့် ဇိဝိန်ကို ချွေနိုင်တဲ့ လှံက
အနားမှာတင် မဟုတ်လား။ အဲဒီလိုနဲ့ ကျွန်တော်ဟာ မူလရည်ရွယ်
ထားတဲ့ ဆူဆူဖြိုးဖြိုး သိုးဆီကို အနီးဆုံး တိုးသွားလိုက်ပါတယ်။ တော်
တော်လေး နုံပုံရတဲ့သိုးဟာ ခုထိပဲ လုံးဝ မသိပါဘူး။ ကျွန်တော့်ကို
လည်စင်းပေးသလို ဖြစ်နေတဲ့ အဲဒီကောင်ကို သနားတောင် သနား
မိတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်ဟာ အဲဒီသိုးကို ကိုက်ချီဖို့ လုပ်လိုက်မိ
ပါတယ်။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ ကျွန်တော် ထူးခြားချက်တစ်ခုကို
သတိပြုမိတယ်။ အဲဒါကတော့ ဒီသိုးဟာ တစ်မျိုးဖြစ်နေတာပါ... သိုး
ဟာ အနီးကပ်လိုက်တော့မှ ဆူဖြိုးတာ မဟုတ်ဘဲ အနည်းငယ်...လို


www.burmeseclassic.com

www.burmeseclassic.com



ပွယောင်းယောင် ဖြစ်နေတယ်။ ကြည့်ရတာလည်း တစ်မျိုးပဲ။ ကျွန်တော့်စိတ်ထဲ မသိုးမသန့် ဖြစ်လာတာနဲ့ ခဏရပ်လိုက်မိတယ်။ နောက်ပြန်ကိုက်မလို့ လုပ်လိုက်၊ ပြီးတော့ ဝေခွဲမရဖြစ်လိုက်နဲ့ နောက်ဆုံးကျမှ စိတ်ရှင်းအောင် သိုးကို သေသေချာချာ ဆန်းစစ်ကြည့်ဖို့ ဆုံးဖြတ်လိုက်မိပါတော့တယ်။

ကျွန်တော်ဟာ ငြိမ်နေတဲ့ သိုးရဲ့ အရှေ့ဘက်ဆီကို သွားလိုက်တယ်။ သိုးနဲ့ ကျွန်တော် မျက်နှာချင်းဆိုင်ဖို့ ပြင်လိုက်တယ်။ ပြီးတော့. . .။ မျက်နှာချင်းဆိုင်မိကြတယ်ဆိုရင်ပဲ ကျွန်တော့် တစ်ကိုယ်လုံး ဆတ်ကနဲ တုန်သွားမိပါတော့တယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဖမ်းဖို့ ရည်ရွယ်မိတဲ့ သိုးဟာ မယုံနိုင်စရာ ကောင်းလောက်အောင်ပဲ ဝံပုလွေတစ်ကောင်သာ ဖြစ်နေတာကြောင့်ပါ။ ကျွန်တော့်လို သိုးရေခြုံထား တဲ့ အဲဒီ ဝံပုလွေကို မြင့်တဲ့အခါ ကျွန်တော် အရမ်းပဲ စိတ်ဓာတ်ကျသွား ခြောက်ခြားသွားခဲ့တာဟာ ဘယ်လိုမှ ဣန္ဒြေဆောင်လို့ မရပါဘူး။ ဒါ ဘယ်လိုများ ဖြစ်ရတာလဲ။ ကျွန်တော့်ကိုယ် ကျွန်တော်မေးခဲ့မိတယ်။ အဖြေက မရှိပါဘူး။ အချိန်ကလည်း တရွေ့ရွေ့နဲ့ တော်တော်လင့်နေပါပြီ။ ဒီလိုနဲ့ မထူးတော့ပြီမို့ စိတ်ကို ပြန်ထိန်းပြီး တခြားရှိနေတဲ့ သိုးတွေကို လှည့်ရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါလည်း သိပ်မခက်ခဲလှပါဘူး။ လွယ်လွယ်ပဲ ဆူဆူဖြိုးဖြိုး သီးတစ်ကောင်ကို ရှာတွေ့တယ်။ အဲဒီလို တွေ့တာနဲ့ တစ်ပြိုင်တည်းပဲ သူ့ရဲ့ ထူးခြားနေမှုကိုလည်း သတိပြုသွားမိပါတယ်။ စိုးရိမ်ထိတ်လန့် စိတ်တွေနဲ့ အဲဒီသီးဆီ ကြည့်တော့လည်း သူဟာ ဝံပုလွေတစ်ကောင် သာ ဖြစ်နေပြန်ပါတယ်။

ညှိုးငယ်နေတဲ့ စိတ်နဲ့ နောက်ထပ်သီးတွေဆီကို ကျွန်တော် လှည့်မိတော့တယ်။ တစ်ကောင်ပြီး တစ်ကောင် မဆူဖြိုးရင်လည်းနေ ရရာကို ဖမ်းတော့မယ်ဆိုတဲ့ စိတ်နဲ့ ဘယ်လိုပဲ ရှာဖွေခဲ့လဲ ဝံပုလွေကို သာ တွေ့ခဲ့ရတယ်။ ဆိုးရွားလွန်းလှတာပါပဲ။ ပင်ပန်းကြီးစွာနဲ့ ကျွန်တော်ဟာ သီးအုပ်တစ်ခုလုံးကို လှည့်ခဲ့ပေမယ့် သီးဆိုလို့ တစ် ကောင်တစ်မြီးမှကို မတွေ့မိဘဲ ဝံပုလွေကိုသာ တွေ့ရတယ်။ သီး တစ်အုပ်လုံးဟာပဲ ဝံပုလွေတွေ ဖြစ်နေခဲ့ပါတယ်။

ငါ ဘာလုပ်ရမလဲလို့ပဲ ကိုယ့်ကိုယ်ကို မေးမိတယ်။ ဟီးချ ပြီးတော့ပဲ ငိုရမလား။ ဝမ်းပဲသာရလေမလားတွေးရင်း နောက်ဆုံး သေချာသွားမိတာကတော့ ကျွန်တော် ရှုံးပြီးဆိုတာပါပဲ။ ကျွန်တော် ဟာ သီးလေးတစ်ကောင်ကိုတောင်မှ အောင်အောင်မြင်မြင် ဖမ်း ဆီးနိုင်သူ မဖြစ်တော့ပါဘူး။

ချက်ချင်းပဲ ကျွန်တော့်မှာ အနာဂတ်ပျောက်သွားသလို ခံစား မိတယ်။



www.burmeseclassic.com

www.burmeseclassic.com


အဲဒီအချိန်ကျမှပဲ မုဆိုးရဲ့ လှံချက်က ရောက်လာပါတော့တယ်။ ကျွန်တော် မရှောင်မိဘူး။ ရှောင်နိုင်ဖို့လည်း အားမရှိဘူး။ စိတ်မသက်သာစွာနဲ့ပဲ ကျွန်တော်ဟာ မုဆိုးရဲ့ လှံဖျားမှာ အသက်ပါခဲ့ရပါတော့တယ်။

❀ ❀ ❀


www.burmeseclassic.com

www.burmeseclassic.com



## ၃။ ပုံပြင်ထဲက မုဆိုး

ကျွန်တော်ဟာ ဘဝကို ပုံပြင်ထဲကအတိုင်း တိတိကျကျ လျှောက်လှမ်းသူပါ။ မုဆိုးဖြစ်တဲ့အတိုင်း သားကောင်ကို ဖမ်းဖို့သာ ရည်ရွယ်ခဲ့တယ်။ ကျွန်တော် ဖမ်းချင်တာကတော့ သိုးတစ်ကောင်ပါ။ သိုးရေခြုံထားတဲ့ အဲဒီဝံပုလွေကို မဖမ်းမိခင် အချိန်တုန်းက ကျွန်တော်ဟာ သူ့ကို သိုးတစ်ကောင်လို့ပဲ ထင်နေမိတယ်။ သူဟာ သိုးအုပ်ထဲမှာ ရောနေတဲ့အတွက် သိုးတစ်ကောင်က လွဲရင်လည်း ဘာဖြစ်နိုင်မှာမို့လဲ။ နောက်ပြီး သူ့ပုံစံက အတော်လည်း ရိုးပုံ၊ အပုံ ရပါတယ်။ ဒါကြောင့်မို့လည်း သူ့ကို သိုးလို့သာ ထင်ခဲ့မိတယ်။

ဒါပေမဲ့ သူ့ကိုလှံနဲ့ မပစ်ခင်မှာ ကျွန်တော့်ဟာ အကြောင်းတစ်ခုကြောင့် အကြာပြီး တွေဝေနေခဲ့ပါတယ်။ နောက်တော့ ခေါင်းထဲက အတွေးကို နှင်ထုတ်ပြီး ပစ်လိုက်ရတယ်။ လှံချက် ထိထိလဲကျသွားတဲ့အခါကျတော့ ကျွန်တော်အပြေးပဲ သွားကြည့်မိတယ်။ ကျွန်တော့်ရင်ထဲကို ဆို့သွားစေခဲ့တာပါပဲ။

သူဟာ. . . သိုးရေခြုံထားတဲ့ ဝံပုလွေတစ်ကောင်သာ ဖြစ်နေခဲ့တယ်။

အဲဒါနဲ့ ကျွန်တော်လည်း တခြား သိုးတွေကို ဖမ်းဖို့ လှံ. . . လှံနဲ့ ပစ်နိုင်တဲ့ ကောင်လည်းပစ်၊ ပြေးတဲ့ကောင်လည်း ပြေး၊ အနေအထား



www.burmeseclassic.com

www.burmeseclassic.com



ကြိုးထောင်ထားတဲ့ ညှတ်ကွင်းတွေ မိတဲ့ ကောင်ကလည်း ဗိန့် တကယ်တမ်းကျတော့ သိုးတွေအကုန်ဟာ ဝံပုလွေတွေသာ ဖြစ်နေခဲ့တယ်။

အဲဒီမှာ ကျွန်တော့်ကို လုံ့မပစ်ခင် အကြာကြီးတွေဝေစေခဲ့တဲ့ အတွေးကို ဝမ်းနည်းစွာ အတည်ပြုလိုက်ရပါတော့တယ်။ တကယ်ပဲ ကျိန်းသေပါတယ်။ ကျွန်တော် ဖြစ်လာခဲ့တာလည်း ကြာပြီ။ အတွေ့ အကြုံတွေလည်း များပါပြီ။


သေချာတာကတော့ ဒီလောကမှာ သိုးဆိုလို့ (လုံး၀) မရှိပါဘူး။ တကယ်တမ်း သိုးအုပ်တွေဆိုတာလည်း ဝံပုလွေတွေက သိုးရေတွေ ခြုံထားကြတာချည်းပါပဲ။

သွန်းနေစိုး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဘဝဆိုတာ တိုလွန်းလို့ပါ

မိုးမြတ်

အနှစ်ချုပ်လိုက်ရင် ကာလအပိုင်းအခြားလေး တစ်ခုအတွင်းမှာ စိတ်ကို နေရာတကျထားနိုင်ဖို့ပဲ အရေးကြီးတာပါ။ စိတ်ချမ်းသာဖို့ စိတ်လွတ်မြောက်ဖို့အတွက် နေတတ်အောင် ကြိုးစားသင့်တယ်လေ။

ဘဝဆိုတာ တိုလွန်းလို့ပါ။

ကိုယ် သူ့ကို ချစ်တာက ချစ်တာပဲ။ ဒါကို သူလည်း သိတယ်။ သိတဲ့လူတွေလည်း တော်တော်များတယ်။ ထို့ထက် သိအောင် ဘာလို့ သက်သေပြချင်နေသေးလဲ! သူ့စိတ်ကို ကိုယ့် စိတ်နဲ့ ချည်နှောင်ဖို့ ဘာလို့ စိတ်ကူးယဉ်ချင်နေသေးလဲ!

ဘဝဆိုတာ တိုလွန်းလို့ပါ။

သူ့စိတ်ကလေး လွတ်လပ်စွာ တည်ရှိပါစေ။

'ငါတို့' မှ စီစဉ်ထုတ်ဝေတယ် .

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆန္ဒကလေးကို လွတ်မြောက်စွာ ရှင်သန်ပါစေလေ။

"Don't Blame the Dark,

Please light it up" တဲ့။ အမှောင်ကို အပြစ်မတင်ချင်စမ်းပါနဲ့။ အလင်းစကိုသာ ကူရှာပေးလိုက်ပါ ဆိုသလိုပဲလေ။

ဘဝဆိုတာ တိုလွန်းလို့ပါ။

သူဟာ ကိုယ့်ချစ်သူပဲ။ သူ့ရဲ့ မသိတတ်မှုတွေအပေါ် အပြစ်ပုံမချချင်ပါဘူး။ တတ်နိုင်သလောက် ခွင့်လွှတ်နားလည်ဖို့ ကြိုးစားကြည့်ပေးပါတယ်။

ဘဝဆိုတာ တိုလွန်းလို့ပါ။

ချစ်သူ. . . ငဲ့ညှာစွာ အသိပေးခဲ့တဲ့ မင်းက မှန်တယ်။ မနိုင်မနင်းခွင့်ပြုခဲ့တဲ့ ကိုယ်က အမှားကို လက်ယပ်ခေါ်ခဲ့မိသလို ဖြစ်နေတယ်။ အဲဒီတော့ ဖြစ်လာသမျှ ဆိုးရွားမှု ဒဏ်ရာဒဏ်ချက်တွေကကိုယ်နဲ့ပဲ ဆိုင်မယ်။

ချစ်သူ. . .

ဘဝဆိုတာ တိုလွန်းလို့ပါ။

စိတ်ထင်ရာ လုပ်ပါ။ မှားယွင်းမှုဆိုတာတွေကို သိမ်းဆည်းဖို့ မင်းဘေးမှာ ကိုယ်တစ်ယောက်လုံး ရှိနေပါတယ်။ အပြစ်အားလုံးကို ဝန်ခံပေးဖို့ မင်းရဲ့ကိုယ်စား ကိုယ်က အသင့် ရှိနေတယ်။ မလိုချ



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောရင် ကိုယ်ထွက်သွားမယ်။ မလာနဲ့လို့ ပြောရင် ကိုယ်ဝေးဝေး နေပေးပါ့မယ်။ ဒါပေမယ့် လိုအပ် ရင်တော့ ကိုယ်က မင်းအတွက်ပဲ ဖြစ်ရမယ်။

ဘဝဆိုတာ တိုလွန်းလို့ပါ။

တကယ်တော့ အချစ်တစ်ခုကို ခံစားနားလည်ဖို့ လေ့လာရတဲ့ အချိန်တွေ အင်မတန်ကို နည်းတယ်။ မင်းကတော့ အချစ်တွေ အများကြီး ထင်ယောင်မှားပြီး အချိန်တွေကို ဖြုန်းတယ်။ ဒါပေမယ့် မင်းပျော်ဖို့က အဓိကပါ။ အယူအဆတွေ၊ ရည်ရွယ်ချက်တွေ မတူပေမယ့် မင်းအနေနဲ့ ကြားဖူးနားဝရှိအောင် ပြောပြခွင့် ရချင်ပါတယ်။

ချစ်သူဆိုတာ ကိုယ့်အတွက်တော့ ဖတ်မကုန်တဲ့ သင်ခန်းစာပါ ကွာ။

ဘဝဆိုတာ တိုလွန်းလို့ပါ။

ချစ်သူတစ်ယောက်ရဲ့ စိတ်ကို ဖြည့်ဆည်းမြတ်နိုးခွင့်ရတဲ့ အခွင့် အရေးလေးက ကိုယ့်အတွက် မလောက်ငှဘူး။

ဘဝဆိုတာ တိုလွန်းလို့ပါ။

ချစ်သူကို ချစ်ရတဲ့ ခံစားမှုတွေ ရေတွက်ရင်း. . . ချစ်ရတာ ဝဘူး။

ဘဝဆိုတာ တိုလွန်းလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို ရှာတွေ့ပြီး အခုချိန်ထိ. . . အချစ်တွေက လတ်ဆတ်တုန်း။

ဘဝဆိုတာ တိုလွန်းလို့ပါ။

အချိန်တန်တော့ လူဆိုတာ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ် ရှင်သန်နေကြတာပါပဲ။

သူ့စိတ်ကို ကိုယ့်စိတ်နဲ့ ချည်နှောင်ထားပြီး တခြားတစ်ယောက်ရဲ့ စိတ်ကို ထပ်မံချည်နှောင်ဖို့ ကြိုးစားတဲ့အခါ သူ့စိတ်ကို ချည်နှောင်ထားတဲ့ ကြိုးကလေးကတော့ မခိုင်မခံ့ လျော့ရဲသွားမှာပဲ။

ဒါကို ကြိုတွေးထားတတ်ရမယ်။ ခံနိုင်ရည်ရှိရမယ်။ အခန့်မသင့်ရင် စွန့်လွှတ်ပစ်ဖို့လည်း အဆင်သင့် ရှိနေရဦးမယ်။

ဘဝဆိုတာ တိုလွန်းလို့ပါ။

တည်ငြိမ်မှု ဆိုတာနဲ့ နေသားတကျ ရင့်ကျက်ဖို့ ကြိုးစားသင့်ပါလျက် ဘာလို့များ အပြောင်းအလဲကို လူတွေက စိတ်ဝင်စားကြရတာလဲ။ လူဆိုတာ. . . ကိုယ့်ဆီမှာ သေချာမှုတစ်ခု ရှိနေပါလျက်နဲ့ မသေချာမှုကိုမှ ရင်ခုန်တတ်ကြတယ်။

ဘဝဆိုတာ တိုလွန်းလို့ပါ။

လူတွေဟာ. . . အစားထိုးစရာတစ်ခု ရှိလာရင် ကိုယ်ပိုင်ဆိုင်ထားတဲ့ တစ်စုံတစ်ရာကို စွန့်ပစ်ချင်တတ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com


ချစ်သူက. . အဲဒီလိုမျိုး တွေးတောနေပါသလား!

ဘဝဆိုတာ တိုလွန်းလို့ပါ။

လုပ်စရာ အလုပ်တွေကို တပုံတပင် ရှေ့ချပြီး စောင့်စားခြင်း၊ တွေဝေဒေါသမောခြင်း၊ တွေးတောအားငယ်ခြင်း စတဲ့ စိတ်ပင်ပန်းစရာ ခံစားမှုတွေနဲ့ စိတ်ကူးယဉ် အစားထိုးပြီး အချိန်တွေကို ဖြုတ်သန်းနေခဲ့ရပြီလေ။

ဘဝဆိုတာ တိုလွန်းလို့ပါ။

အတွဲ့အလှည့်ဆိုတာ မြန်လွန်းတယ်

အနိုင်လိုချင်တဲ့သူကို အနိုင်ပေးပါတယ်။ လူတိုင်းကတော့ အနိုင်ကလွဲရင် တခြားဘာကို လိုချင်ပါ့မလဲ!

အရှုံးတွေချည်းပဲ ကိုယ်က လက်ခံထားတဲ့အခါ တစ်နေ့နေ့၊ တစ်ချိန်ချိန်တော့ အနိုင်ချည်းပဲ ကိုယ့်ဆီပြန်ရောက်လာမယ်လို့ ထင်ရတာပါပဲ၊

ဘဝဆိုတာ တိုလွန်းလို့ပါ။

မျှော်လင့်ရတာဟာ ဝဋ်ကြွေးတစ်မျိုးပါပဲ။ ချစ်သူနဲ့ ပတ်သက်လာရင် ကိုယ်က ယုံကြည်ချက်လည်း အကြီးကြီးထားမိတယ်။ အများကြီးလည်း မျှော်လင့်ထားမိတယ်။

ဒါတွေဟာ သူ့အလိုအလျောက် ဖြစ်လာတာ။


www.burmeseclassic.com

www.burmeseclassic.com


ဒါဟာ. . . ကြိုတင်စီစဉ်ထားမှု မပါတဲ့ အငိုက်မိခြင်းသက်သက်ပါပဲ။

ဘဝဆိုတာ တိုလွန်းလို့ပါ။

ချစ်သူကို လွမ်းရတာ အချိန်မလောက်ဘူး။

ဘဝဆိုတာ တိုလွန်းလို့ပါ။

ရွှေထိုက်


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်နှင့်မပံမယ်ဖြူ
### တာရာမင်းဝေ

လဝန်းကပင်လျှင် ရနံ့လင်းလင်းကလေးဖြင့် ပွင့်နေသည်။
ကြယ်အဘွားအိုတွေက ဗျစ်တောက်ဗျစ်တောက်နှင့်။ မိန်းမတစ်
ယောက်က ပိုက်ဆံဆယ်ပြားလိုက်ရှာနေသည်။ တွေ့လျှင် သူတောင်း
စားကို ပေးမည်ဟု သိရ၏။ သူတို့အကြောင်းကို ကျွန်တော်ဆယ်
မတွေးချင်တော့။ ခြောက်ကြိုးလုံးကို လျှော့ထားလိုက်ပြီ။ ဝတ်ရုံအ
ဖားဖားကြီး ဖြစ်သည်။ ဓားက ပြားပြားကြီးဖြစ်၏။ ထို့ကြောင့် ထို
ရဲကောင်းကို ကြည့်ရသည်ကလည်း ဖားအပြားကြီးနှင့် တူနေသည်။
သစ်သီးအကြွေ ကောက်ကြမလား။ သူတစ်ပါး၏ ကြွေ
စောင့်နှံ့ားထောင်ရမှာ မသတီစရာ။ ငှက်က အတောင် ပံ့ ...
နေလုံးက အတောင်ပံမပါဘဲ ပျံ့သည်။ ဘာထူးခြားသလဲ။ ...



www.burmeseclassic.com

www.burmeseclassic.com


ချေးဆိုသည်ကတော့ များနိုင်သည်။ အားလုံးက ပန်းတစ်ပွင့်တည်း ပေါ်မှာ ခုံနံ့ပါတ်လုပြီး ထိုင်နေနိုင်သည်။ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို ချောင်းကြည့်စမ်းပါ။ ချောင်းကြည့် ပေါက်ကိုတော့ ဘုရားသခင်ဆီမှာ မေးကြည့်ပေါ့။ အချို့ ချောက်ကမ်းပါးနှစ်ဘက်က လူတစ်ရပ်စာမျှသာ ကွာဝေးနိုင်သည်။ ကျွန်တော် ခုန်မကူးဖြစ်ပါ။ ကျွန်တော်က လူ မဟုတ်၍ ဖြစ်နိုင်သည်။ သို့တည်းမဟုတ် လူတစ်ယောက်အပေါ် ခုန် မကူးချင်၍လည်း ဖြစ်နိုင်သည်။ ကိုယ့်ထက်အရပ်မြင့်သော တောင် ထွေးကို ဘယ်အချိန်မှာ ကျွန်တော် ဆုပ်ကိုင်ရမည်လဲ. . .။ အဲဒီ ကြက်ဖကြီးလို ပျင်းတွဲတွဲသာ တွန်နေလိုက်ချင်သည်။ လေးသည် တော်က သူ့မြားကို လိုက်အော်ခေါ်နေ၏။ လောကကြီးက ပိုင်းကြီး ပတ်ပတ် ဒူဝေသည်။ ရေထဲမှာမျောရင်း ခြေချော်လဲနေသည်။ ကိုယ် လက်အင်္ဂါပြည့်စုံပြီး အင်္ကျီ၊ လုံချည် ဝတ်ဆင်ထားသည့် လူသုံး ယောက် ရောက်လာသည်။ အားလုံး တည့်မတ်သော်လည်း တစ်ခုခု လွဲနေ၏။ ပုလွေမှုတ်သံကိုရော ကြားသလား။ မြွေတွေကြားမှာ အစွယ်မချိုးဘဲ က,ကြည့်စမ်းပါ။ မျက်ရည်ဆိုတာကရော ဘာ တုန်း. . .။ မျက်လုံးထဲ သဲဝင် လို့လား။ နှလုံးသားထဲ သဲဝင်လို့လား။ ထုံးစံအတိုင်း ကျွန်တော်စိတ်တို့ မကွဲပြားခဲ့ပါ။ ဘာပဲဖြစ်ဖြစ် မစံပယ်ဖြူကို ကျွန်တော်ချစ်သည်။ သူ့အကြောင်း ကဗျာတွေရေးရ


www.burmeseclassic.com


www.burmeseclassic.com


တာ. . . မပျံနိုင်သော ငှက်စုန်းတစ်ကောင် အတောင်ပံခတ်နေရသလို ညို့ပြာသည်။ ပွင့်ချပ်က လေးခုတည်း။ ဖယောင်းတိုင်အလင်းက ဘာကြောင့် အဝါတဖွဲဖွဲ ဖြစ်နေရတာတုန်း။ ဝုန်းဆိုပြီး မီးချောင်းက ထပွက်သည်။ မီးစ္ဆာသည် တစ်ယူဇနာမှ လှမ်းကြည့်ရဲ့ သူ့အတွက် တစ်မိုးတစ်ဖုံ လှုပနိုင်ပါသည်။ အဲဒီနေရာကို မသွားမှါနဲ့ ကလေးရယ်။ အမေ့ရင်ခွင်က အလွန်ကျယ်မြပါသည်။ အိပ်မက်ကို ငံပြာရည်လို ချိုပစ်လိုက်၏။ ဘဝက ဖိနပ်ကို ကြိုး ငုံ့ချည်နေတုန်း. . .။ မစံပယ်ဖြူက ကျွန်တော့်ကို မုန်းသွားသည်. . .။

**တာရာမင်းဝေ**


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော့်သမီး ရွှေထိုက်

ကျွန်တော့်သမီးလေးတွင် သာယာသောအသံ ရှိသည်။ လှပသော အဆင်းလည်းရှိသည်။ နက်နဲသော အသိဉာဏ်ပညာလည်း ရှိသည်။ ယဉ်ကျေးသော အလိမ္မာလည်း ရှိသည်။

ထို့အတူ. . .

ထိရောက်သော ဘဝအဓိပ္ပာယ်လည်း ရှိစေချင်မိပါသည်။

❖

"ဖေဖေ. . . 'မန်းကေသီ' ဆိုပြ"

ထိုသီချင်းအား သမီးအလွန်စွဲလမ်းပါသည်။ ငယ်စဉ်က သမီးအိပ်ရာဝင်တိုင်း ကျွန်တော်ချော့မြူဆိုသိပ်ရသော တေးသီချင်း



www.burmeseclassic.com

www.burmeseclassic.com


များစွာတို့အနက် ထိုသီချင်းအား သမီး မှတ်မှတ်ရရ ရှိနေသည်။

"မန်းကေသီ. . . ကြည်လှဲလှဲအပြုံးလေးများနဲ့ ကျွန်တော့်ကို အတည်. . . ဖိတ်ခေါ်သည်. . ."

ကျွန်တော်က ကြည်ကြည်နူးနူး ဆိုပြတော့ သမီးကလည်း မှတ်မိသလောက် နောက်ကလိုက်ဆို၏။ အနိမ့်အမြင့် အသံများနှင့် တော်တော်လေး ခက်ခက်ခဲခဲ သူလိုက်မှတ်၏။

"ဖေဖေ စာသားတွေမေ့ကုန်ပြီ အဆုံးထိ ဆိုပြပါ"

"အမယ် မေ့ပြီလား ဟုတ်လား မန်းမြို့မှာ ဘာတွေရှိသလဲ"

ကျွန်တော်က ချာခနဲ ငေါက်လိုက်တော့ သမီးက ပြုံးစိစိဖြင့် စဉ်းစဉ်းစားစား ဖြေ၏။

သူ့လက်ချောင်းကလေးများကို ချိုးရင်း

"အိမ်တော်ရာစေတီ. . .

ဦးခင်္ဂ. . . တောင်ပေါ်စေတီ. . .

နန်းတော် ကျုံ့ရွာလေး. . . .

မင်းကွန်းခေါင်းလောင်းကြီးနဲ့

မြသိန်းတန်စေတီ. . . ."

မျက်လုံးတောက်တောက်ကလေးများကို ပေကလပ် ပေကလပ်လုပ်ကာ သမီးက ရေတွက်၏။ ချစ်စရာကောင်းသော သမီး။

---

'ငါတို့' မှ စီစဉ်ထုတ်ဝေတယ်

---

www.burmeseclassic.com

www.burmeseclassic.com



ကလေးဘဝကတည်းက စိတ်မှန်းဖြင့် သမီးစွဲလမ်းခဲ့ဖူးသော အရာများ။ မမမန်းကေသီကိုလည်း တကယ်ရှိမရှိ သမီး မသိ။ သို့ပေမဲ့. . . သူမကို သမီးချစ်နေသည်။ သူမ၏အပြုံးကို သမီးမြင်ယောင် နေဟန်ရှိသည်။

သမီး မေ့မရသောအရာ. . .

ထိုအရာမှာ. . . ဟိုမန်းမြို့က မမကေသီ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com


သမီး မမေ့သော သီချင်းလေးတစ်ပုဒ်လည်း ရှိသေးသည်။ သီချင်းကြိုက်သော သီချင်းသံကြားမှ အိပ်ပျော်သော သမီးကို ကျွန်တော်က ညစဉ်တိုင်း သီချင်းများနှင့် ချော့သိပ်ရ၏။ သူကြိုက်သော သီချင်းဆိုလျှင် သမီးက တစ်ပုဒ်ထဲကိုပဲ မအိပ်ပျော်မချင်း ထပ်တလဲလဲ ဆိုပြနိုင်းတတ်၏။ သီချင်းထဲတွင် နစ်မျောရင်း အိပ်တတ်သော သမီးကို ကျွန်တော်က စိတ်ရှည်လက်ရှည် အသံနေအသံထားနှင့် မမောတမ်း ဆိုပြရပါသည်။ ကျွန်တော်က သီချင်းအရွေးကောင်းအောင်လည်း ကြိုးစားရသေးသည်။ သီချင်းဟုယူဆပြီး သမီးအာရုံထဲ စွဲနေသော သီချင်းတစ်ပုဒ် ရှိခဲ့ပါသေးသည်။

"လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့
ကင်းအောင်နေ၊ ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ်နည်းယူစေ၊ သုံးပါးရတနာ
မိဘများနှင့် ဆရာသမားကို ပူဇော်သလေ. . ."

ငယ်ငယ်ကတည်းက ကျွန်တော်နှုတ်ဖွင့်ပေးခဲ့သော ထိုသုံးဆယ့်ရှစ်ဖြာမင်္ဂလာသီချင်းကို သမီးက သူ့ဘဝအတွက် နေထိုင်နည်းအဖြစ် အသုံးပြုသောအခါ ကျွန်တော် ကျေနပ်ရ၏။

သမီး သုံးတန်းတွင် လမ်းထိပ်က ဓမ္မာရုံ၌ ဗုဒ္ဓဘာသာ သင်တန်းတက်ခိုင်းတော့ သမီးက လိုလိုချင်ချင်ပင် တက်၏။ တခြား


www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ လမ်းထဲမှာ ဆော့နေချိန်တွင် သမီးက သူ့အိတ်ကလေး ပိုက်ကာ သင်တန်းသို့ သွား၏။ ကျွန်တော့်မှာ မိဘတစ်ယောက်အနေ ဖြင့် ဘယ်လောက် ဝမ်းသာပီတိဖြစ်သလဲ မပြောပြနိုင်လောက်အောင် ပင်။

သမီးတွင် မေမေ မရှိ။ သမီး မွေးမွေးချင်း မီးတွင်းထဲမှာပင် ဆုံးပါးသွားခဲ့သည်။ သို့သော် သမီး ငယ်ငယ်ကတည်းက မေမေဟူ သည်ကို သိပ်မတောင့်တတတ်ပါ။ ထိုသို့ ဖြစ်ရအောင်လည်း ကျွန် တော့်မှာ အပင်ပန်းခံ၍ ကွက်လပ်များစွာကို ဖြည့်ဆည်းပေးခဲ့ရသည်။ အလုပ်ချိန်များကို အတတ်နိုင်ဆုံး အားလပ်ချိန်များအောင် ကြိုးစားပြီး သမီးကို ယုယဖို့ အချိန်ပေးရ၏။

သမီးလေးကို ဖျော်တိုက်သော နို့ရည်များထဲတွင် ကျွန်တော့် မေတ္တာများ ပြည့်ပြည့်ဝဝ ပါဝင်အောင် ကျွန်တော် သစ္စာဆိုခဲ့ဖူးသည်။ သမီးလေးအား ဝါးကျွေးသော ထမင်းလုတ်တိုင်းကို ကျွန်တော်ကိုယ် တိုင် ဝါးပေးခဲ့ဖူးသည်။ သမီးလေး ပါးစပ်ထဲ သနပ်ခါးများကို ကျွန် တော်ကိုယ်တိုင် နွှံ့ခဲ့ဖူးသည်။ သမီးလေး စည်းသော ကြက်တောင် စည်းလေးများအတွက် ကျွန်တော်ကိုယ်တိုင် ကြိုးကလေးများ ဝယ်ပေးခဲ့ဖူးသည်။

သမီးကျောင်းတက်တော့ သမီးဘေးတွင် တခြားကလေးများ



www.burmeseclassic.com

www.burmeseclassic.com

နည်းတူ မိန်းမကြီးတစ်ယောက်အစား ယောကျ်ားကြီးတစ်ယောက် ဖြစ်နေသည်ကို သမီးကတော့ ထူးထူးခြားခြားအနေဖြင့် အမြင်ဆန်း ချင် ဆန်းနေလိမ့်မည်။ သို့သော် မိဘများဆီမှ တခြားကလေးများရဲ့ သည့် အကြင်နာများထက်တော့ ကျွန်တော့်ဆီမှ သမီးရသော အကြင်နာများသည် နည်းနည်းမှ လျော့လိမ့်မည်မဟုတ်။ အခုဆို. . .

"အသေဝနာစ ဗာလာနံ
ပဏ္ဍိတာနဉ္စ သေဝနာ
ပူဇာစ ပူဇနေယျာနံ
. . ."

ဟူသော ပါဠိလို သင်ရသည်များကို သမီးက ကျက်ဖို့ မေ့နေ တော့။ အလွယ်တကူ နားလည်တတ်ခဲ့လေပြီ။ ထိုအတိုင်း[illegible] စွဲစွဲမြဲမြဲ သမီး လိုက်နာခဲ့ပါသည်။

ပညာရှိကိုမှ လူတွေက ပေါင်းသင်းကြမှာဟု ဖွင့်ဆိုထားသော ပညာတတ်အောင် သမီးက စာကြိုးစားလေသည်။ ဆရာ/ ဆရာမ များကိုလည်း တပည့်ဝတ်ကျေပွန်စွာ သမီး ရိုရိုသေသေ ဆက်ဆံ ကြောင်း ဆရာ/ဆရာမများနှင့်တွေ့လျှင် ချီးမွမ်းစကား ပြောရှာ၏။

လိမ္မာယဉ်ကျေးသော သမီးကို ဆရာ/ဆရာမများက အလွန် ချစ်၏။ သို့သော် သမီးက ရှယ်တည်သည်။ စကားဆို လျှင် [illegible]


www.burmeseclassic.com

www.burmeseclassic.com


ချစ်အောင်လည်း မပြော။ မုန်းအောင်လည်း မပြော။ လိုအပ်မှသာ အထိရောက်ဆုံးစကားကို ဆိုလေ့ရှိသည်။ သူ စကားများများ ပြောသည်မှာ ကျွန်တော်တစ်ယောက်တည်းပဲ ရှိသည်။ သူ ကျောင်းက ပြန်ရောက်လျှင် ဘာတွေ ဖြစ်ခဲ့သည်။ ဘယ်ဆရာမက သူ့ကို ဘယ်လိုပြောပြီး ဘယ်သူငယ်ချင်းက ဘယ်လိုပြောသည်ဟု ပြန်ပြော၏။ သူ လုပ်သမျှ ဖြစ်ပျက်သမျှကို ကျွန်တော့်အား မလျှို့မဝှက် အသိပေးတတ်သော အကျင့်ကောင်းတစ်ခုတော့ သမီးက စွဲမြဲစွာ ကျင့်သုံးသည်။

သမီးငယ်စဉ်က အဖြစ်အပျက်လေးတစ်ခုကို ကျွန်တော် အခုထိ မှတ်မိနေပါသည်။ သမီးတွင် သူငယ်တန်းကတည်းက ပေါင်းသော သူငယ်ချင်းဟူ၍ ရှားရှားပါးပါး တစ်ယောက်တည်း သာသည်။ ထိုကောင်မလေးက သမီးအား အလွန်ချစ်သည်။ သမီးမှလွဲ၍ ဘယ်သူမှ သူ့သူငယ်ချင်းက အထင်မကြီး။ သမီးက စာတော်သည်။ လိမ္မာသည်။ သူ့သူငယ်ချင်းမှလွဲ၍ ဘယ်သူနှင့်မှ မပေါင်း။ ထိုအချက်ကို သူ့သူငယ်ချင်းက သဘောကျ၏။ လေးတန်းရောက်တော့ သမီးကို ခင်ချင်သော အတန်းဖော် ကောင်မလေးများက သမီးကို သိသိသာသာ ရောလာသည်။ မုန့်စားဆင်းလျှင် ထမင်းအတူ လာစားတာ၊ ကျောင်းအဖော် ညှိတာတွေ လုပ်လာသည်ဟု သမီးက ပြန်ပြော၏။


www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ထိုကောင်မလေးက မကြည်လင်တော့။ သမီးကို သူတစ်ယောက်တည်းနှင့်ပဲ ခင်စေချင်သည်လေ။ တခြားသူတွေကို သူထက် ပိုခင်သွားမှာ စိုးရိမ်ဟန် ရှိ၏။ သမီးနှင့် အတန်းဖော်များ ကြားတွင် သမီးသူငယ်ချင်းက ကလေးဉာဏ်ဖြင့် စကားရှုပ်သည် ဆို၏။ ဘယ်လိုလဲဆို သူတို့က ကျွန်တော့်သမီးကို ကွယ်ရာမှာ ဘယ်လိုပြောတယ်ပေါ့။ သမီးကလည်း သူတို့ကို ဘယ်လိုပြန်ပြောတယ်ပေါ့။ နောက်ဆုံး သမီးက မဟုတ်မခံမို့ ထိပ်တိုက်သွားရှင်းတော့ အလိမ်ပေါ် သွားရောပျာ။

"သူရှုပ်တာ၊ သူ ဇလောင်းဇလဲလုပ်တာ" ဟု သမီးက သူ့သူငယ်ချင်းကို စိတ်ဆိုး၏။ "သူ ငါ့ကို ခင်လို့လေ"ဟု မတွေး တတ်။ "လူမိုက်ဆိုလျှင် ရှောင်သွေးလွှဲလို့" ဆိုတာကိုပဲ သမီး ခေါင်းထဲစွဲနေ၏။ သူ မဟုတ်တာ လုပ်ကြံပြောတတ်တယ်။ သူ အကျင့်မကောင်းဘူး၊ သူ လူဆိုးလူမိုက်ဟု သမီးက မှတ်၏။ သူ့ကို မပေါင်းသင့်ဘူး၊ သူ့ကို ရှောင်ရမယ်ဟု သမီးစိတ်ထဲ တွေးကာ "နင်က အကျင့်မကောင်းဘူး၊ နင့်ကို ငါ မပေါင်းဘူး" ဟု ပြောလိုက်သည် ဆို၏။ ထိုကောင်မလေး စိတ်ထိခိုက်သွားလား ဘာလားလဲ သမီးက မသိ။ သမီးကတော့ ထိုကောင်မလေးကို လုံးဝ လှည့်မကြည့်တော့။

သမီးတို့ကျောင်းသည် မူလတန်းကတည်းကပင် ကျောင်းနောက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းသံ ကြားတာနှင့် ဘုရားရှိခိုးစာရွတ်ရ၏။ ကဗျာလေးလို ရွတ်ရသော ဘုရားရှိခိုးမျိုးကို သမီးက ပို၍ သဘောကျပါသည်။

"သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊
သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊
ညီညာရုံးစု၊ တောင်းပန်မှုကြောင့် . . ."

ထိုချစ်နေ့ဘုရားရှိခိုးရွတ်ရလျှင် သမီးက အားရပါးရ ပူဇော်တာ ပေါ့ဟု ပြန်ပြော၏။ ဗုဒ္ဓ၏ဖြစ်စဉ်၊ ဗုဒ္ဓ၏ အဆုံးအမနှင့် နိပါတ်တော်ကြီးများကို စာအုပ်အထူကြီးများ လှန်ကာ အချိန်ရတိုင်း သမီးဖတ်နေတာ တွေ့ရသည်။

ထိုသို့ ဗုဒ္ဓ၏ အဆုံးအမများကို အမြဲမပြတ် ဖတ်ရှုနာကြားနေပေမယ့် တကယ်တကယ် သမီးလုပ်လာသောအလုပ်ကတော့ "အနုပညာ"။

ကျွန်တော်က သမီးကို ဘာလုပ်ဘာလုပ်ဟု အမိန့်ဆန်သော ညွှန်ကြားမှုမျိုးကို ဘယ်တော့မှမပြော။

ဘယ်ဟာက အမှန်၊ ဘယ်ဟာက အမှားဟု ဝေဖန်အကြံပြုသော အလုပ်ကိုသာ လုပ်လေသည်။ သမီးကို ဆုံးဖြတ်ချက် ချတတ်အောင် မှန်တယ်ထင်ရာ ရွေးချယ်တတ်အောင်၊ ကိုယ့် ဆုံးဖြတ်ချက်ကို ကိုယ်တာဝန်ယူရဲသည့်အသိရှိအောင်သာ လေ့ကျင့်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာလုပ်ရင် ကောင်းတာ ဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာ ဖြစ်မယ်ဟု စိတ်ကို နေရာတကျ ထားတတ်သော နည်းမျိုးကို သမီးအနေဖြင့် လက်တွေ့ အသုံးချနေတတ်ပြီဖြစ်ကြောင်း ကျွန်တော် ယုံကြည်၏။

ကျွန်တော့်သမီးသည် ပညာရေးတွင်သာမက ငယ်စဉ်ကတည်းက ဘက်စုံထူးချွန်ခဲ့သောကလေး ဖြစ်သည်။ ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတိုင်းတွင် အမြဲဆုရသည်။ ကျောင်းကပွဲတိုင်းတွင်လည်း သမီးက မပါမနေရ ပါရသည်။ ကျွန်တော်ကလည်း ပညာရေးဘက်တွင် တာဝန်ကျနေသော သမီး၏ အခြားအခွင့်အရေးများကို မပိတ်ပင်ပါ။

ယခုတော့ တက္ကသိုလ်ကျောင်းသူကြီး ဖြစ်နေသော သမီးသည် အနုပညာပိုး တစ်စခန်းထလာပြန်သည်။

တစ်နေ့တော့ သမီးက ကျွန်တော့်ကို 'ဖွင့်ကြည့်' ဟု ခပ်ကြွားကြွားလေသံလေးနှင့် ပြောကာ ကက်ဆက်ခွေ တစ်ခွေ ကျွန်တော့်လက်ထဲ လာထည့်၏။ သမီးတို့ မေဂျာမှ ကျောင်းအမှတ်တရလုပ်သော စီးရီးတွင် သမီးက နှစ်ပုဒ် ဝင်ဆိုပေးထားသည်တဲ့။ ကျွန်တော် ပထမတော့ အနည်းငယ် ပီတိဖြစ်မိ၏။ ဘယ်နေရာရောက်ရောက် ထူးချွန်နေသော သမီး၏ ထူးခြားသော အရည်အချင်းများကို မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ဖခင်ဖြစ်သော ကျွန် တော်မှာ ကျေနပ်ကြည်နူးမိသည်မှာ အမှန် ပင်။ သို့သော် နောက်ဆက်တွဲ ပြောလာသော သမီး၏ စကားများကို ကြား ရချိန်မှာတော့ ကျွန်တော် အလွန်-အံ့ဩသွား၏။

"သမီး အဆိုတော်လုပ်ချင်တယ် ဖေဖေ၊ အမေ အမွေ ပေးခဲ့တဲ့ သမီးရဲ့ ကိုယ်ပိုင်ငွေနဲ့ သမီးကို စီးရီးလုပ်ခွင့် ပေးပါ။ သမီးရဲ့ အရည် အချင်းကို ပြခွင့်ပေးပါနော်"

ကျွန်တော့်ရှေ့က သမီးမှာ ကျွန်တော် ဖြစ်စေချင် မြင်နေချင် သော သမီး မဟုတ်တော့သလို ခံစားလိုက်ရသည်။ ပညာတတ် သမီး အလိမ္မာတစ်ယောက်အဖြစ် သမီးကို ဂုဏ်ရှိရှိ ဝင့်ကြွားစေချင်သော ကျွန်တော်မှာ အနုပညာသည်တစ်ယောက်အဖြစ် ဘဝင်မြင့် စိတ်ကြီး ဝင်နေချင်ဟန်ရှိသော သမီးဘဝအတွက် စိုးရိမ်သွားမိ၏။

"ခွင့်မပြုနိုင်ဘူး သမီး"

ကျွန်တော် ဘာကိုဆိုလိုမှန်း သမီး သိပါသည်။ အိမ်ရှေ့ခန်းမှ ကာရာအိုကေစက်များကို ဘယ်နားသွားထား၍ ဘာလုပ်ပစ်ရမည် မှန်း မသိသော စိတ်များဖြင့် ကျွန်တော့်မျက်စိတို့ ယောက်ယက်ခတ် သွားပြီး မျက်နှာပျက်မိ၏။

"သမီးက ကိုယ့်အရည်အချင်းကို ကိုယ်ယုံကြည်မှု ရှိသလို ဖေဖေကများ သမီးကို အားပေးမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



သမီးက ခေါင်းလေးငုံ့ကာ အသံတိမ်လေးနှင့် ပြောပြီး လှည့်ထွက်သွား၏။ ကျွန်တော်၏ ကန့်ကွက်မှုကို သူ စောဒကတော့ မတက်ပါ။

နောက်နေ့တွေမှာတော့ သမီးကို မသိမသာ စောင့်ကြည့်မိသော အလုပ်တစ်ခု ပိုလာ၏။ စာရွက်တွေနှင့် တကုပ်ကုပ်ရေးနေလိုက်၊ စာအုပ်အထူကြီးတွေ ဖတ်နေလိုက်နှင့် တစ်ခါတစ်ရံတော့ သမီးက သူချစ်သော သူများ၏ ပုံတူကိုခဲပန်းချီဖြင့် အပျင်းပြေ ထိုင်ဆွဲနေတတ်သေးသည်ကို တွေ့ရသေးသည်။ "သမီးက ဘာဖြစ်ချင်နေတာလဲ"။ ကျွန်တော့်အာရုံမှာ အချိန်အားတိုင်း ထိုမေးခွန်းက ဝင်လာ၏။

တစ်နေ့တော့ "သမီးဝတ္ထုရေးနေတာ" ဟု ပြောလာ၏။ ကျွန်တော်ကတော့ စိတ်ပူစွာဖြင့် သမီးများ ရည်းစားရှိနေပြီလား၊ အချစ်အကြောင်းတွေ ရေးတတ်နေပြီလားဟု အတွေးလွန်မိပါသည်။ ညဘက်တွေဆို တော်တော်နှင့် မအိပ်ဘဲ ဖုန်းပြောလိုက်၊ စာရေးလိုက်နှင့် အလုပ်ရှုပ်ကာ သမီးက ကျွန်တော့်နှင့်တောင် စကားများများ မပြောဖြစ်တော့။ ဘုရားစာအုပ်တွေ လောကနီတိတွေဖတ်ကာ ကြီးပြင်းလာသော ကျွန်တော်၏ သမီးလေး ဘယ်လိုရည်ရွယ်ချက်တွေကြောင့် ဘာတွေ လုပ်နေသလဲ ကျွန်တော် တွေးမရသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညတော့ သမီးဖုန်းအချက်ကို စောင့်ကာ ကျွန်တော် သမီးကို ဆူမိ၏။ စိတ်ကူးယဉ်ဇာတ်လမ်းတွေနှင့် အချိန်ဖြုန်းတာကို ကျွန်တော် အထင်မကြီးနိုင်ကြောင်း၊ စိတ်လေလွင့် စိတ်ကစားတာ မလိုအပ်ဘဲ ဖုန်းအကြာကြီး ပြောသည်ကို ကျွန်တော် သဘောမကျကြောင်း ကျွန်တော်ကတော့ အစိုးရိမ်လွန်ကာ ပြောမိတာ ဝန်ခံပါသည်။ သမီးက ထိုညက ကျွန်တော့်ကို ဘာမှပြန်မပြော။ ပြီးတော့ သူ ငိုးကာငိုပါသည်။

နောက်တစ်ပတ်ကြာတော့ မဂ္ဂဇင်းစာအုပ်လေး တစ်အုပ် ကျွန်တော့်ကို လာပေး၏။ သမီးနာမည်လေးဖြင့် အယ်ဒီတာမှ လက်မှတ်ထိုးကာ မေတ္တာလက်ဆောင်ပေးထားတာ မြင်တော့ ကျွန်တော် အံ့သြရပြန်သည်။

မာတိကာကို လှန်ကြည့်မိတော့ သမီး ရေးထားတဲ့ ဝတ္ထုတိုကလေးပါကြောင်း သိရ၏။ ထိုဝတ္ထုလေးကို ဖတ်ပြီးမှ သမီးကို ကျွန်တော် နားလည်သွားပါသည်။ သူ ကြီးကြီးဆီ ဖုန်းဆက်ကာ သူ့ငယ်ဘဝအကြောင်းလေးတွေ မေးမြန်းပြီး အဖေတစ်ခု သမီးတစ်ခု ဘဝလေးကို သူ့ကိုယ်တွေ့၊ သူ့ခံစားချက်ဖြင့် ရေးထားသော အကြောင်းလေးကို ဖတ်ရ၏။

ပြီးတော့ သမီးက သူ့အိပ်ခန်းထဲမှ စာအုပ်စင်ကလေးအား လိုက်ပြပါသည်။ ဒဂုန်တာရာ၊ ဖေမြင့်၊ ဂျာနယ်ကျော် မမလေး



www.burmeseclassic.com

www.burmeseclassic.com



ခင်နှင်းယု၊ ဂျူး၊ ဦးသုခမှ စ၍ ဂေါ်ကီ၊ ဖြွန်စတိန်းဘတ်၊ ဂျက်လန်ဒန်၊ ချက်ကော့တို့အပြင် New York Times Bestseller! စတဲ့ စာကြီးပေကြီးတွေအထိ အင်္ဂလိပ်၊ မြန်မာစာအုပ်ပေါင်းစုံကို တွေ့ရ၏။ သီချင်းမဆိုတော့ပါဟု ကတိပေးလာသော သမီးကို စာဆက်ရေးခွင့်တော့ ကျွန်တော် ပေးခဲ့ရပါသည်။ စာအုပ်တိုက်က သမီး၏စာအုပ်အဖုံးကို သမီး ဓာတ်ပုံ သုံးခွင့်တောင်းတော့ ကျွန်တော် အကြီးအကျယ် ကန့်ကွက်ရသေး၏။

ဘာပဲပြောပြော သမီးကို ကျွန်တော် လေးစားသွားမိပါ သည်။ ဘာလုပ်ပါဟု မပြောဘဲ ဘာလုပ်သင့်သည်ဟုသာ အကြံပေးခဲ့ဖူးသော ကျွန်တော့်၏ အဆုံးအမကို သမီးက စနစ်တကျ လိုက်နာနိုင်ခဲ့သည်။ စိတ်ဓာတ်ရေးရာမှာ ခိုင်မာ တည်ကြည်လွန်းသော သမီးကို ကျွန်တော် အထင်မသေးဝံ့ပါ။


သမီးကို ပြည့်ပြည့်ဝဝ ကျွန်တော် ယုံကြည်ပါသည်။ ယနေ့မှ စ၍ ကျွန်တော့်သမီးကို ကျွန်တော် မျက်စိမှိတ်၍ စိတ်ချနိုင်ပါသည်။

ရွှေထိုက်



www.burmeseclassic.com

www.burmeseclassic.com




ကံကော်ရောင်လှုင် ချို

www.burmeseclassic.com

www.burmeseclassic.com

## ကံ့ကော်ရောင်လွှမ်းချင်း
## လွန်းဆယ်ဆိုးမြစ်

ကိုယ့်အခန်း ပြတင်းပေါက်ကို ဝုန်းခနဲ ဖွင့်လိုက်ရာ လမ်းမပေါ်တွင် မြင်နေကျ အရာဝတ္ထုများ၊ မြင်နေကျ စားသောက်ဆိုင်များနှင့် လျှောက်နေကျလမ်းကို လျှောက်နေကြသော ခပ်ဟောင်းဟောင်း လူများကို မြင်တွေ့ရ၏။

ဘဝဆိုသည်မှာ လူတွေအတွက် နံနက်စောစော ကန်တော်ကြီးဆီ လမ်းလျှောက်ထွက်ဖို့ ဖြစ်သည်။ တန်ဖိုးကြီး နိုင်ငံခြားခွေးတစ်ကောင် ဝယ်ယူဖို့ ဖြစ်သည်။ ကော့(စ်)တေ(လ်) အရက်တစ်ခွက် သောက်ဖို့ ဖြစ်သည်။ ဂန္ထဝင်သီချင်းကြီးတွေ နားထောင်ဖို့လည်း ဖြစ်သည်။ ကိုယ့်အတွက်တော့ ဘဝဆိုတာ မမြင်ရသော မားသွားတွေကြား ကိုယ့်ဝိညာဉ်တစ်ခုလုံး ဝင်ရောက် 'က'ပြနေသလို ဖြစ်နေတာ ကြာခဲ့ပါပြီ။

---

'ငါတို့' မှ စီစဉ်ထုတ်ဝေတယ်

---

www.burmeseclassic.com

www.burmeseclassic.com


တောင်ပံတစ်ဖက်ဖြင့် ပျံသန်းနေသော အဝါရောင်အိပ်မက်ထဲတွင် သူမကို မြင်ရ၏။ ကိုယ့်လက်မှာ ပတ်ထားသော နာရီစက္ကန့်သံ တစ်ချက်ချက်သည် ကိုယ့်နားနှစ်ဖက်မှတစ်ဆင့် နှလုံးသားထဲသို့ ကျိန်စာတွေလို ပျော်ဝင်စီးဆင်းသွားကြသည်။ ကိုယ်ဟာ နာရီတွေကို မုန်းတီးဖူးပါသလား။

ကိုယ်ဟာ နာရီတွေကို မမုန်းတီးဖူးပေမယ့် အချိန်ကာလ ဆိုတာကိုတော့ ကိုယ်မုန်းတီးနာကျည်းသည်။ ထိုအချိန်ကာလဆိုသော ပညတ်တရားထဲမှာ ကိုယ်ဘယ်လောက်ကြာကြာ မျှော်လင့်ရှင်သန်နေရမှာလဲ။

အနက်ရောင် ကျွန်းသားခေါင်းတလားထဲတွင် သူမသည် ကံ့ကော်တစ်ပွင့်ပန်ဆင်လျက် လဲလျောင်းနေသည်။ (သို့မဟုတ်) သေဆုံးနေသည်။ သူမနှင့်အတူ သူမ ပန်ဆင်ထားသော ကံ့ကော် တစ်ပွင့်သည်လည်း သေဆုံးသွားခဲ့၏။ သူမနှင့်အတူ သူမ ပန်ဆင် ထားသော ကံ့ကော်တစ်ပွင့်နှင့်အတူ ကိုယ့်နှလုံးသား သွေးခုန်နှုန်း များသည်လည်း လူမသိ သူမသိ သေဆုံးသွားခဲ့သည်မှာ ကြာခဲ့ပြီ ဖြစ်သည်။

လမ်းမပေါ်မှ မြင်နေကျ အရာဝတ္ထုများ၊ မြင်နေကျစားသောက် ဆိုင်များနှင့် လျှောက်နေကျ လမ်းကို လျှောက်နေကျသော စပ်ဟောင်း


www.burmeseclassic.com

www.burmeseclassic.com



ပေါင်းလူများကို ကြည့်ကာ ဘာရယ်မဟုတ်ပါဘဲ ကိုယ် ကျယ်ကျယ်လောင်လောင် အော်ဟစ်ရယ်မောလိုက်မိသည်။

သူမသေဆုံးပြီးကတည်းက ကိုယ့်ရဲ့ နွေဦးပေါက်ရာသီတွေဟာ ခြောက်သယောင်းပျင်းရိစရာ ကောင်းလွန်းလှသည်။ မြက်ခင်းစိမ်းစိမ်းပေါ်မှာ ထိုင်နေသော သူမ၏ ရယ်သံနုနုများ၊ ကိုယ့်လက်ဖျံပေါ်က သူမအတွက် မျှော်လင့်ချက်သွေးစက်များ၊ ကော်ဖီဆိုင်ပုပုလေးဆီမှ အားလပ်ရက် တနင်္ဂနွေနေ့များ၊ သေချာတာကတော့ ကိုယ့်နွေဦးပေါက်ရာသီတွေဟာ အခုတော့ဖြင့် ခြောက်သယောင် ပျင်းရိစရာ ကောင်းလွန်းလှသည်။

နံရံပေါ်ရှိ ပြက္ခဒိန်ဆီ ကိုယ့်မျက်လုံးတွေ ရောက်သွားတော့ ဒီနေ့ တနင်္ဂနွေနေ့ ဖြစ်သည်ကို စိတ်မကောင်းစွာ ကိုယ် သိလိုက်ရ၏။ ဟိုတုန်းက တနင်္ဂနွေ မနက်စောစောတွေမှာဆိုရင် ကော်ဖီဆိုင်ပုပုလေးမှာ သူမက ကိုယ့်ကို စောင့်မျှော်နေခဲ့လိမ့်မည်။

ကိုယ်တို့နှစ်ယောက်စလုံး ထိုကော်ဖီဆိုင်ပုပုလေးဆီမှ ခါးစိမ့်သော ကော်ဖီကို နှစ်သက်တာခြင်း တူညီကြသည်။ ကော်ဖီသောက်ပြီးသောအခါ သူမအား ကဗျာတစ်ပုဒ် ကိုယ် ရွတ်ဆိုပြမည်။ ထို့နောက် ကိုယ့်ပခုံးကို မှီနွဲ့ပြီး နှစ်ယောက်သား မြို့ထဲရှိသမျှ ပန်းခြံတွေဆီ လျှောက်သွားမည်။ တစ်ခါတစ်ရံ ရုပ်ရှင်ဝင်ကြည့် ဖြစ်ကြလိမ့်



www.burmeseclassic.com

www.burmeseclassic.com



ဦးမည်။ တနင်္ဂနွေနေ့သည် ကိုယ်တို့ နှစ်ယောက်အတွက် အားလပ်ရက် ဖြစ်၏။

ကံ့ကော်တစ်ပွင့် ပန်ဆင်ထားသော သူမသည် သေဆုံးသွားသော်လည်း ကိုယ့်ရင်ထဲတွင်တော့ သူမ ဆက်လက် ရှင်သန်နေလိမ့်ဦးမည်။ ကိုယ် မသေဆုံးမချင်း ကိုယ့်ရင်ထဲမှာ သူမ ရှင်သန်နေစေရမည်။ သို့သော် သူမရင်ထဲမှာတော့ ကိုယ့်ဝိညာဉ်သည် သူမ သေဆုံးပြီးကတည်းက သူမနှင့်အတူ ပျောက်ကွယ်သွားပေလိမ့်မည်။

အဝေးမှ သီချင်းသံသဲ့သဲ့ကို ကိုယ်ကြားလိုက်မိ၏။ နားစိုက်ထောင်ကြည့်သောအခါ ဇော်ဝင်းထွဋ်ရဲ့ ရွှေရောင်အိပ်မက်များ သီချင်းဖြစ်နေသည်ကို နာကျင်မှုတစ်ခုနှင့်အတူ သိလိုက်ရသည်။ ကိုယ် သူမကို ပြင်းပြင်းပြပြ သတိရနေမိချိန်ဟာ တနင်္ဂနွေတစ်နေ့အဖြစ် ထူးခြားစွာ တိုက်ဆိုင်ရုံမျှမကဘဲ သူမ သိပ်ကြိုက်သည်ဆိုသော သီချင်းကိုပင် ကိုယ်ကြားနေရသည်။ ကိုယ့်ရင်ခွင်သည် ချောက်ချားပူလောင်စွာဖြင့် တုန်ရင်နေတော့ ၏။

ယခုတော့ သူမသည် ကံ့ကော်တစ်ပွင့် ပန်ဆန်ဆင်ရင်း သေဆုံးသွားခဲ့ပြီ။ သူမနှင့်အတူ သူမ ပန်ဆင်ထားသော ကံ့ကော်တစ်ပွင့်သည်လည်း သေဆုံးသွားခဲ့၏။ သူမနှင့်အတူ သူမ ပန်ဆင်ထားသော ကံ့ကော်တစ်ပွင့်နှင့်အတူ သူမရင်ထဲတွင် တစ်ချိန်က ရှင်သန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော ကိုယ့်ဝိညာဉ်လည်း သေဆုံးသွားခဲ့ပြီ။ သူမရင်ထဲက ကိုယ့်ဝိညာဉ်သည် ကိုယ့်ရဲ့ ချစ်ခြင်း မေတ္တာများဖြင့် ထုဆစ်ထားသော ကိုယ့်ပုံရိပ်သာ ဖြစ်၏။ ထို့အတူ ကိုယ့်ရင်ထဲက သူမ ဝိညာဉ်သည်လည်း သူမရဲ့ ချစ် ခြင်းမေတ္တာများဖြင့် ထုံမွှမ်းထားသော သူမပုံရိပ်သာ ဖြစ်သည်။ ကံ့ကော်တစ်ပွင့် ပန်ဆင်ပြီး သေဆုံးသွားသော သူမသည် ကိုယ့် ရင်ထဲက ချစ်ခြင်းမေတ္တာဖြင့် ပေါင်းစပ်ထားသော သူမဝိညာဉ်မဟုတ်ပါချေ။ အာရုံခြောက်ပါး ကုပ်တွယ်ခြင်း ခံခဲ့ရသော သက်မဲ့ခန္ဓာကိုယ်ယယ်တစ်ခုသာ ဖြစ်သည်။

စိတ်ရှုပ်ထွေးစွာဖြင့် လွတ်လပ် ကျယ်ပြန့်သော ကောင်းကင်ဆီ ကိုယ်မော့ကြည့်ဖြစ်တော့ ဗျိုင်းဖြူဖြူတစ်အုပ် ပျံသန်းသွားတာ မြင်ရ၏။ အဝေးမှ ဇော်ဝင်းထွဋ်ရဲ့ သီချင်းသံသဲ့သဲ့ကိုတော့ ကိုယ် မကြားရတော့ပါ။ ကိုယ့်အတွက် ရွှေရောင်အိပ်မက်တွေ ဘယ်ဆီမှာ ပုန်းခိုနေပါသလဲကွယ်။

ကိုယ်ရော သူမရော မွေးဖွားစဉ်က သီးခြားဖြစ်သော်လည်း ကိုယ်နှင့်သူမ တွေ့ဆုံပြီးချိန်မှစ၍ ကိုယ်တို့နှစ်ယောက်စလုံးရဲ့ ရင်ဘတ်ထဲတွင် တစ်ယောက်ဝိညာဉ်တစ်ယောက်ထံ ပူးကပ်ခိုဝင်ကာ နှစ်ယောက်တစ်ဝိညာဉ် ဖြစ်ခဲ့ကြသည်။

ကိုယ့်ရွှေရောင်အိပ်မက်တွေ ခုတော့ စာတိုက်ပုံးတွင် ပုန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်းနေသည်။ နာရီတစ်လုံးထဲတွင် ပုန်းအောင်းနေသည်။ ဘီယာဘူးခွံအလွတ်ထဲတွင် ပုန်းအောင်းနေသည်။ ဂျူပီတာဖြိုဟ်ပေါ်တွင် ပုန်းအောင်းနေသည်။ ဝက်ပေါင်ခြောက်ထဲတွင် ပုန်းအောင်းနေသည်။ နောက်ဆုံး သူမပန်ဆင်ထားသော ကုံကော်ပွင့်ထဲတွင်လည်း ပုန်းအောင်းနေနိုင်သည်။

ကိုယ်တို့နှစ်ယောက်သည် ကမ္ဘာကြီးအား ချစ်ခြင်းဖြင့် အနိုင်ပိုင်းနေထိုင်ခဲ့ကြသော်လည်း သူမ သေဆုံးသွားခြင်းသည် ကိုယ်ရော သူမရော သေဆုံးသွားခြင်း ဖြစ်ပြီး ကိုယ် ရှင်သန် ကျန်ရစ်ခြင်းသည် ကိုယ်ရော သူမရော ရှင်သန်ကျန်ရစ်ခြင်း ဖြစ်၏။ သို့သော် ကိုယ်သေဆုံးသွားလျှင်တော့. . .

လမ်းမပေါ်မှ မြင်နေကျ အရာဝတ္ထုများ၊ မြင်နေကျ စားသောက်ဆိုင်များနှင့် လျှောက်နေကြလမ်းကို လျှောက်နေကြသော ခပ်ဟောင်းဟောင်းလူများကို ကြည့်မြင်လိုစိတ် မရှိတော့သောကြောင့် ကိုယ့်အခန်း ပြတင်းပေါက်အား ဝုန်းခနဲ ကိုယ်ပိတ်ပစ်လိုက်သည်။

တောင်ပံတစ်ဖက်ဖြင့် ပျံသန်းနေသော အဝါရောင်အိပ်မက်ထဲတွင် သူမ၏ စိုလွင်သော အပြုံးများကို ရုပ်ရှင်အနှေးပြကွက်တစ်ခုပမာ ဝေဝါးစွာ မြင်ရပြန်၏။ တနင်္ဂနွေနေ့သည် ကိုယ်တို့နှစ်ယောက် အတွက် အားလပ်ရက် ဖြစ်သည်။ အနက်ရောင် ကျွန်းသားခေါင်း



www.burmeseclassic.com

www.burmeseclassic.com

တလားထဲတွင် ထာဝရ အိပ်ပျော်နေသော သူမအား ကိုယ် ကံ့ကော် တစ်ပွင့် ပန်ဆင်ပေးခဲ့ပါသည်။

လွန်းဆက်နိုးမြတ်

BURMESE CLASSIC

'ငါတို့' မှ စီစဉ်ထုတ်ဝေတယ်

www.burmeseclassic.com